မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၃၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ပူးပေါင်းလေ့ကျင့်ခန်းများ ဆောင်ရွက်သွားမည့်အခြေအနေများဆွေးနွေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr. Iskandar Azizov ၊ ရုရှားရေတပ်မှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့ မာတိကာ

ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် Kyaw-3 ကော်ပစ္စည်းအမျိုးမျိုး ထုတ်ကုန်လုပ်ငန်း

သေးငယ်လတ်စီးပွားရေးလုပ်ငန်း စာ ၁၂

နီပေါနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်မှုဖြစ်ပွား၊ ၁၄၃ ဦးထက်မနည်း သေဆုံး

နိုင်ငံတကာသတင်း စာ ၁၃

မြနန်းစံကျော်ရွှေနန်းတော်တွင် ရှေးဘုရင်အသုံးအဆောင်များ ခင်းကျင်းပြသနိုင်ရေး စီစဉ်လျက်ရှိ

မန္တလေး နိုဝင်ဘာ ၄

မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်တွင် ရှေးဘုရင်အသုံးအဆောင်များ ခင်းကျင်းပြသနိုင်ရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဘုန်းတော်ကြီးကျောင်းများနှင့် ပုဂ္ဂလိကများအနေဖြင့် အထောက်အထားနှင့်တကွ လာရောက်လှူဒါန်းနိုင်သည်ဟု အသိပေးကြေညာထားကြောင်း ယင်းဌာနမှ မြနန်းစံကျော်ရွှေနန်းတော် တာဝန်ခံက ပြောသည်။

အများပြည်သူအနေဖြင့် မြနန်းစံကျော်ရွှေနန်းတော်သို့ လာရောက်လေ့လာသည့်အခါ သမိုင်းပန်းချီကားများအဖြစ်သာ တွေ့မြင်နေရာက လက်တွေ့ပြင်ပတွင် ရုပ်ဝတ္ထုအဖြစ် ကြည့်ရှုနိုင်မည်ဖြစ်ပြီး

စာမျက်နှာ ၃ ကော်လံ ၄ ❒

အမှန်တကယ်အလုပ်လုပ်သည့်လူမျိုး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကဲဖြတ်ရာတွင် ဂျီဒီပီ ဟူသော ဝေါဟာရကို နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်တို့၌ သုံးစွဲကြသည်။ ဂျီဒီပီဟူသည် စုစုပေါင်းပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးကို အတိုကောက်ဖော်ပြထားခြင်းဖြစ်ပြီး နိုင်ငံတစ်နိုင်ငံက တစ်နှစ်တာကာလအတွင်း ထုတ်လုပ်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ ငွေကြေးတန်ဖိုးဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ ဂျီဒီပီသည် ဒေသတွင်းနိုင်ငံများနှင့် ယှဉ်လျှင် နည်းပါးလျက်ရှိသည်။ ယင်း၏ အနက်အဓိပ္ပာယ်မှာ မြန်မာနိုင်ငံ၏ တစ်နှစ်တာအတွင်း ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများသည် ဒေသတွင်းနိုင်ငံများ အောက်နည်းပါးလျက်ရှိပြီး ၎င်းနိုင်ငံများကဲ့သို့ ထုတ်လုပ်နိုင်စွမ်း မရှိဟူ၍ ပြဆိုနေခြင်းပင်ဖြစ်သည်။

ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့် လူတစ်ဦးချင်း ဝင်ငွေတို့အပါအဝင် ကုန်ထုတ်လုပ်မှုဆိုင်ရာ အခြေအနေများ၊ လူနေမှုအဆင့်အတန်း၊ ဘဝနှင့်အလုပ်အပေါ် လူတို့၏သဘောထား၊ အင်စတီကျူးရှင်းများ၊ အစိုးရ၏မူဝါဒတို့ အဆက်အစပ်မိမိ၊ စနစ်တကျနှင့် အထက်သို့ တိုးတက်ရွေ့လျားနေသည့် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံပင်ဖြစ်ကြောင်း ပညာရှင်များက မိန့်ဆိုကြသည်။ အဆိုပါအချက်များတွင် ဘဝနှင့်အလုပ်အပေါ် လူတို့၏ သဘောထားများသည်လည်းကောင်း၊ အင်စတီကျူးရှင်းများဟုဆိုသည့် စီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူပြုသည့် ဖွဲ့စည်းမှုများနှင့် အဆောက်အအုံများ၊ အစိုးရအဖွဲ့အစည်းများ၏ ခိုင်မာအားကောင်းမှု၊ အုပ်ချုပ်ရေး ထိရောက်ထက်မြက်မှု၊ အမျိုးသားစုစည်းမှု အားကောင်းတောင့်တင်းမှုတို့သည်လည်းကောင်း အစိုးရ၏မူဝါဒများဖြင့် ဖြည့်ဆည်းကာ ကျန်အချက် (၃)ချက်နှင့် ပေါင်းစပ်ပေးရန် လိုအပ်သည်ဟူ၍လည်း ဆိုသည်။

အထက်ဖော်ပြပါအချက်များအရ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နေသူများမှာ အစိုးရနှင့် ပြည်သူများပင်ဖြစ်ပြီး အစိုးရ၏မူဝါဒနှင့် ပြည်သူတို့၏ ဘဝနှင့်အလုပ်အပေါ် သဘောထား၊ လုပ်ရည်ကိုင်ရည်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကြောင်းတရားများဖြစ်သည်ဟု တွေ့ရှိနိုင်သည်။ နိုဝင်ဘာ ၂ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် "လုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ချင့်ချိန်ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ လုပ်ငန်းများကြန့်ကြာမှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊" ထည့်သွင်းမှာကြားခဲ့ရာ ဒေသအလိုက်၊ ကဏ္ဍအလိုက် တာဝန်ရှိသူများက စနစ်တကျနှင့် တာဝန်ကိုကျေပွန်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့အပြင် "လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိစေရေး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေး ဖန်တီးဆောင်ရွက်ပေးရန် လိုကြောင်း၊ ပြီးခဲ့သည့်စီမံကိန်းများကို ပြန်လည်သုံးသပ်ကြည့်သည့်အခါ မိမိတို့လူမျိုးများအနေဖြင့် အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း" နိုင်ငံတော်အကြီးအကဲက ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် လူတိုင်းအမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်သည်။

အာရှတွင် ဦးစွာပထမ ဖွံ့ဖြိုးတိုးတက်ခဲ့သည့် ဂျပန်လူမျိုးတို့သည် အလုပ်လုပ်ကိုင်ရာတွင် စိတ်အားထက်သန်သူများဖြစ်ပြီး အလုပ်သည်ဘဝ၊ ဘဝသည်အလုပ်ဟူ၍ ခံယူကြသူများ ဖြစ်ကြသည်။ အလုပ်ကို တာဝန်ကျေပွန်ရုံမျှမက ဂုဏ်ယူ၍လည်း လုပ်တတ်ကြသူများဖြစ်ရာ ဂျပန်နိုင်ငံဖွံ့ဖြိုးတိုးတက်သည်မှာ မဆန်းဟုပင် ဆိုရမည်ဖြစ်သည်။ ထို့အပြင် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းက အာဖရိကနိုင်ငံအချို့ထက်ပင် ဆင်းရဲခဲ့သည့် တောင်ကိုရီးယားတို့သည်လည်း ဖွဲ့လုံ့လဝီရိယစွမ်းအားဖြင့် အလုပ်လုပ်ကြ၍ စီးပွားရေးအင်အားကြီးမားသည့် နိုင်ငံတစ်ခုအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ မိမိတို့စံနမူနာယူဖွယ်ပင်ဖြစ်သည့်အလျောက် အမှန်တကယ်အလုပ်လုပ်သူ လူမျိုးများအဖြစ် ဂုဏ်ယူနိုင်ရေး တစ်မျိုးသားလုံး ကြိုးစားကြရပါမည့်အကြောင်း။ ။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် (၃၅)နှစ်မြောက်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းမှု ကြည့်ရှုအားပေး

မုံရွာ နိုဝင်ဘာ ၄

(၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ် (၄) ခုတင် -၃၀၀ ဆံ့ တပ်မတော်ဆေးရုံကြီးတွင် တိုင်းဒေသကြီး/ ခရိုင် /မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၇၈ ဦးက စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းနေမှုများနှင့် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ဝန်ထမ်းများနှင့် ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမတွင် ကျင်းပပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အခြေခံပညာ အထက်တန်း အဆင့်သင် ဆရာ ဆရာမများ သင်ထောက်ကူ ပစ္စည်းများ လက်တွေ့အသုံးချနိုင်ရေး အရည်အသွေးမြှင့် ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အခြေခံပညာ အထက်တန်းအဆင့်သင် ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချနိုင်ရေးအရည်အသွေးမြှင့် ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသော ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါ ကျောင်းဝင်းအတွင်း အခြေခံပညာ အထက်တန်းဆင့်သင်ဆရာဆရာမများအား ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဆိုင်ရာ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချနိုင်ရေး သင်ကြားနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပညာရေးဝန်ကြီးဌာန ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို (၇-၁၁-၂၀၂၃) ရက်နေ့မှစတင်၍ သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

ချင်းပြည်နယ်ဝန်ကြီးချုပ် (၃၅) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲသို့တက်ရောက်ကာ ထောက်ပံ့ပစ္စည်းများပေးအပ်

ဟားခါး နိုဝင်ဘာ ၄

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေး၊ ခြင်၊ ယင် ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့် ရရှိစေရန်နှင့် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ် ပတ်ဝန်းကျင်ဖြစ်စေရန် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ချင်းပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၅) နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ဟားခါးပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သွေးလှူဒါန်းသည့် ဝန်ထမ်း ၁၈ ဦးအား အာဟာရဖြည့် အစားအစာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ **(အောက်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေသော လူနာများကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများက လူနာများကို တစ်ဦးချင်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများဆွေးနွေး

❖ ရှေ့ဖုံးမှ

အခြေအနေများ၊ တပ်မတော်(ရေ) နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်(ရေ) မှ စစ်ရေယာဉ်များနှင့် အဆင့်မြင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်မှု အခြေအနေများ၊ နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ပူးပေါင်းလေ့ကျင့်ခန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာ့တပ်မတော်အရာရှိများ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်နိုင်မှု အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်တို့သည် အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း / တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၅ နှစ်အထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေး

နေပြည်တော် နိုဝင်ဘာ ၄

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ မွေးကင်းစမှ အသက် ၅ နှစ်အထိ ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ဆေးထိုးနှံမည့် ကလေးငယ်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ နယ်မြေခံ တပ်မတော် ဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ တက်ရောက်ကြသည်။

အဆိုပါ မွေးကင်းစမှ အသက် ၅ နှစ်အထိ ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးခြင်းများ ဆောင်ရွက်ရာတွင် နယ်မြေခံဆေးတပ်ရင်းမှ ပါရဂူများနှင့် ဆေးမှူးများက ကလေးငယ် ၃၁၃ ဦးတို့ကို ဝက်သက်၊ ဂျိုက်သိုး၊ (BCG)၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးနှင့် ပိုလီယိုရောဂါ ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးကြသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များအတွက် အာဟာရဖြစ်စားသောက်ဖွယ်ရာများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❒ ရှေ့ဖုံးမှ

ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို အများပြည်သူမှ တန်ဖိုးထားထိန်းသိမ်းစေရန် ရည်ရွယ်ကြောင်း သိရသည်။

"ဘုရင်အသုံးပြုခဲ့တဲ့ ရေတကောင်းတို့၊ ကွမ်းအစ်တို့၊ သလွန် စတဲ့အသုံးအဆောင်တွေကို မှန်နန်းဆောင်က ဘုရင်မင်းမြတ်စက်တော်ခေါ်တဲ့ အိပ်ဆောင်မှာ ထားရှိဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဘုန်းတော်ကြီးကျောင်းတွေမှာဖြစ်စေ၊ ပုဂ္ဂလိကတွေမှာဖြစ်စေ ရှေးဘုရင်တွေ အသုံးပြုခဲ့တဲ့ အသုံးအဆောင်တွေရှိရင် အလှူခံနေပါတယ်။ လတ်တလောအနေနဲ့ ဘုရင့်အသုံးအဆောင်တွေကို ဗီနိုင်းနဲ့ ချိတ်ဆွဲပြသဖို့ စီစဉ်နေပါတယ်"ဟု ၎င်းက ပြောသည်။

ချီးမြှင့်ငွေများပေးအပ်မည်

ဘုရင်များ၏ အသုံးအဆောင်များကို ပန်းချီကားများမှ ရုပ်ဝတ္ထုအနေဖြင့် ပြသနိုင်ရန် စီစဉ်ခြင်းဖြစ်ရာ ရှေးဘုရင်အသုံးအဆောင်များကို သက်ဆိုင်သည့် အထောက်အထားများနှင့် လာရောက်လှူဒါန်းမှုများမှ ရှားပါးတန်ဖိုးကြီးမားသော ပစ္စည်းဖြစ်ကြောင်း ရွေးချယ်စိစစ်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လာရောက်လေ့လာ

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်အနီး၌ မင်းတုန်းမင်းကြီးက မြန်မာနှစ် ၁၂၂၁ ခုနှစ်တွင် ရတနာပုံ (မန္တလေး) မြို့တည်၍ မြနန်းစံကျော် ရွှေနန်းတော်တည်ဆောက်ခဲ့ရာ နှစ်ပေါင်း ၁၆၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်းအမွေအနှစ်၊ ရတနာပုံခေတ်ယဉ်ကျေးမှုကို စိတ်ဝင်တစား လာရောက် လေ့လာကြသည့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များပြားကြောင်း သိရသည်။

မောင်အေးချမ်း

ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ၌ ပန်းခင်းစီမံချက် - ၂ ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

ပုဗ္ဗသီရိ နိုဝင်ဘာ ၄

ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအုပ်စု အောင်သုခကျေးရွာ အ.ထ.က စာသင်ကျောင်းအတွင်းရှိ စာကြည့်တိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုဗ္ဗသီရိမြို့နယ် ဦးစီးမှူးရုံးမှ လက်ထောက်လဝကမှူး ဒေါ်ခိုင်နီဦးပါ နှစ်ဦးတို့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပန်းခင်းစီမံချက်-၂ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အောင်သုခကျေးရွာအုပ်စု အောင်သုခကျေးရွာရှိ နိုင်ငံသားစိစစ်ရေးကတ်မရှိသူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၃၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းသန်းနွယ် (ပုဗ္ဗ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဖျော်ဖြေပွဲအခမ်းအနားတက်ရောက်သူများ မြန်မာ – ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

မြန်မာ - ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၄

ရုရှားတပ်မတော်နှင့် မြန်မာ့တပ်မတော်အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန် ရည်ရွယ်၍ မြန်မာ – ရုရှား နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့ ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် သဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်ကြည့်ရှု အားပေးသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် Admiral Nikolai A. EVMENOV ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E.Mr. Iskandar Azizov၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဖျော်ဖြေပွဲ အခမ်းအနားတွင် မြန်မာ – ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရေး မြန်မာ့တပ်မတော်ယဉ်ကျေးမှုအဖွဲ့နှင့် ရုရှားရေတပ်သံစုံတီးဝိုင်း အဖွဲ့တို့မှ အနုပညာရှင်များက ဖျော်ဖြေကြရာ ရုရှားရေတပ်သံစုံတီးဝိုင်းအဖွဲ့က ရုရှားသီချင်းများ၊ အကအလှများ အပါအဝင် မြန်မာတေးသီချင်းကို လည်းကောင်း၊ မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ မြဝတီတေးဂီတအဖွဲ့က “ဆန်းသစ်လှပ ပုဂံယိမ်းအက” အပါအဝင် ရုရှားတေးသီချင်းဖြစ်သည့် "Katyusha" သီချင်းနှင့် "Kalinka" တေးသီချင်းတို့အား မြန်မာ့ရိုးရာ တူရိယာပစ္စည်းများဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြိုင်ဆိုင်စွာတီးခတ်ပြီး ရုရှားအကများဖြင့် လည်းကောင်း၊ ရုရှားတေးသီချင်းဖြစ်သည့် "Ar Thi Na Si Me Yar " ကို သီဆို၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက် လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေမှုများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရုရှားရေတပ် သံစုံတီးဝိုင်းအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်က မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ်နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဓါတ်ပုံ) **သတင်းစဉ်**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV တို့ ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၄

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသည့် နှစ်နိုင်ငံရေတပ်အရာရှိများအား အပြန်အလှန်မိတ်ဆက်ပေးကြပြီး ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV က ဘုရင့်နောင်ရိပ်သာဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

တွေ့ဆုံဆွေးနွေး

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A.EVMENOV ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

ပိုမိုတိုးမြှင့်ဆောင်ရွက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား နဂိုရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Navy To Navy Talks ဆွေးနွေးပွဲပြုလုပ်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံတပ်မတော် ရေတပ်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အထိမ်းအမှတ်တံဆိပ်များပေးအပ်

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ရုရှားရေတပ်ဦးစီးချုပ် Admiral Nikolai A. EVMENOV တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့် တပ်မတော် (ရေ) မှ အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားရေတပ်ဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Sergey KURCHENKO နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့ပြင် ရုရှားရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်၍ ပန်းခြင်းချအလေးပြုခြင်း **(အောက်ပုံ)**၊ ရတနာဆင်ဖြူတော် အဆောင်သို့ သွားရောက်လေ့လာခြင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်သို့ သွားရောက် လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါ ရုရှားရေတပ်ဦးစီးချုပ်ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယမန့်နေ့ညပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိခဲ့ရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှမိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သင်တန်းတက်ရောက်သည့် အရာရှိများအနေဖြင့် ပို့ချချက်များကို လုပ်ငန်းခွင်တွင်အသုံးချနိုင်သည်အထိ မှတ်သားဆောင်ရွက်ရန်တိုက်တွန်း

နေပြည်တော် နိုဝင်ဘာ ၄

လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိစက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ စက်မှုဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ စက်ရုံ/အလုပ်ရုံများမှ စက်ရုံမှူးများ၊ ဒုတိယစက်ရုံမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ဦးစီးဌာနမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဦးစီးဌာန၊ လုပ်ငန်းများအနေဖြင့် လုပ်ငန်းစီမံကိန်းများအကောင်အထည်ဖော်ရာတွင် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို သိရှိနားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ စီမံကိန်းလုပ်ငန်းများကို အမှားအယွင်းကင်းရှင်းစွာဖြင့် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသို့ တက်ရောက်လာကြသည့် အရာရှိများအနေဖြင့် ရှင်းလင်းဆွေးနွေး ပို့ချချက်များကို လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်သည်အထိ နာယူမှတ်သားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ဒုတိယစာရင်းစစ်ချုပ်က စီမံကိန်းစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် စီမံကိန်းအောင်မြင်မှုသော့ချက်များ ခေါင်းစဉ်ဖြင့် စီမံကိန်းရေးဆွဲအကောင်ထည်ဖော်မှုဆိုင်ရာ အချက်အလက်များ စစ်ဆေးခြင်း၊ လုပ်ငန်းစီမံကိန်းများနှင့် သက်ဆိုင်သည့် စစ်ဆေးတွေ့ရှိချက်များ၊ အကြံပြုတင်ပြချက်၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်များ၊ စီမံကိန်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ စိစစ်အကဲဖြတ်ခြင်း၊ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများအား အကဲဖြတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအား အကဲဖြတ်ခြင်း၊ စီမံကိန်းအား စောင့်ကြည့်ကြီးကြပ်ရမည့်အေဂျင်စီများ၊ ယူနစ်များ သတ်မှတ်မှုနှင့်တာဝန်များ၊ စီမံကိန်းအစီအစဉ်ရေးဆွဲရာတွင် ပါဝင်ရမည့်အချက်များ၊ စီမံကိန်းဖြစ်နိုင်ခြေ လေ့လာဆန်းစစ်ချက်အစီရင်ခံစာတွင် ပါဝင်ရမည့်အချက်များ၊ စီမံကိန်းဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ရန်ပုံငွေရရှိမှု၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်ကွပ်ကဲခြင်းနှင့်အကဲဖြတ်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ စီမံကိန်းလုပ်ငန်းများ စစ်ဆေးမှု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဆောင်ရွက်လျက်ရှိသည့် စစ်ဆေးရေးအမျိုးအစားများ၊ စီမံကိန်းများအား စစ်ဆေးရာတွင် အသုံးပြုသည့်အချက်အလက်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး ဒုတိယစာရင်းစစ်ချုပ်က အသေးစိတ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဝန်ထမ်းများအနေဖြင့် လုပ်ငန်းစီမံကိန်းကြီးများ၊ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပိုမိုနားလည်တတ်ကျွမ်းစေရန်နှင့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ စာရင်းစစ်ချုပ်ရုံးမှ ကန့်ကွက်ချက်များ မဖြစ်ပေါ်စေရေးအတွက် လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှု (Project Management) ဘာသာရပ်သင်တန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

သဘာဝငါးသယံဇာတ အရင်းအမြစ်ကို ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်မှုကို အလေးထားဆောင်ရွက်ရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာ့ရေထွက်ကုန်များ ထုတ်လုပ်တင်ပို့မှု တိုးတက်လာရန်၊ ပုဂ္ဂလိကကဏ္ဍ၏ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးနှင့် လိုအပ်ချက်များ ကူညီဖြည့်ဆည်းပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် လှိုင်သာယာမြို့နယ် Gallant Ocean Trading Co.,Ltd အအေးခန်းစက်ရုံ၌ ပြည်ပပို့ကုန် ကဏန်းနှင့် ပုစွန်ကုန်ချောထုတ်လုပ်နေမှု **(အောက်ဝဲပုံ)** နှင့် ပြည်ပတင်ပို့နေမှုကို ကြည့်ရှုစစ်ဆေးပြီး စားသုံးသူများ ဘေးကင်းလုံခြုံရေး၊ ပို့ကုန်စံချိန်စံညွှန်းများကိုက်ညီရေးအတွက် တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကိုဆွေးနွေးမှာကြားသည်။

ထို့နောက် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ ကမ်းဝေး ငါးဖမ်း ငါးသယ် ရေယာဉ်များ စောင့်ကြည့်ထိန်းချုပ်မှု စင်တာ (VMS Sub – Control Center) သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ကမ်းဝေး ငါးဖမ်း ငါးသယ်ရေယာဉ်များတွင် VMS တပ်ဆင်ထားရှိမှုနှင့် ကမ်းဝေး (တရွတ်ဆွဲ) ငါးဖမ်းရေယာဉ်များတွင် TeDs တပ်ဆင်ထားရှိမှုတို့ကို စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်၊ ပင်လယ်ပြင်ရေလုပ်သားများ အခြေခံလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများ၌ VMS ဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ် ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးသို့ရောက်ရှိပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအသင်းချုပ်မှ တာဝန်ရှိသူများ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သားငါးရိက္ခာဖူလုံပိုလျှံရေး၊ ဒေသငါးမျိုးစိတ်များထိန်းသိမ်းရေးနှင့် တိုးချဲ့မွေးမြူရေး၊ ခိုင်မာသည့်ဈေးကွက်ရရှိရေးနှင့် ပြည်ပဈေးကွက်တိုးချဲ့ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရန်၊ သဘာဝငါးသယံဇာတ အရင်းအမြစ်များကို ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်မှုကို အလေးထား ဆောင်ရွက်ရန်၊ စားသုံးသူဘေးကင်းလုံခြုံရေးနှင့် ပြည်ပတင်ပို့ရာတွင် လိုက်နာရမည့် စံချိန်စံညွှန်းများကို လုပ်ငန်းရှင်များဘက်က တိကျစွာလိုက်နာဆောင်ရွက်ရန် ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) များနှင့်အညီ ထုတ်လုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့ပေါ်ရပ်ကွက် ၁၂ ခုရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များ ကျန်းမာသန်စွမ်းစေရေးအတွက် လစဉ်လဆန်း ၁ ရက်နှင့် ၂ ရက်တို့တွင် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကာကွယ်ဆေးများ ထိုးနှံနေစဉ်။ ကျော်ဆန်း

အုတ်တွင်းမြို့နယ်၌ ဆောင်းသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ပညာပေးဆွေးနွေး

အုတ်တွင်း နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ဆောင်းသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ပညာပေးဆွေးနွေးခြင်းနှင့် တောင်သူများအားအထွက်ကောင်းမျိုးများဖြန့်ဖြူးပေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ နိုဝင်ဘာ ၃ ရက်က ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားပြီး**(ယာပုံ)** မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆန်းဦးက အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်း၊ နှင်းကျရောက်မှုနည်းပါးခြင်း၊ အစိုဓာတ်အစုပ်မြန်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းတို့ကြောင့် ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲများ စိုက်ပျိုးရာတွင် ပျက်စီးဆုံးရှုံးမှုမရှိစေရန်နှင့် အထွက်နှုန်းကောင်းပြီး ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် ပညာပေးဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆောင်းသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရန် ဗီယက်နမ်မြေပဲမျိုး၊ မတ်ပဲမျိုး ရေဆင်း(၄)TBL-9 နှင့် ပဲတီစိမ်း ရေဆင်း (၁၁) မျိုးကောင်းမျိုးသန့်များကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုလေးအုပ်စုမှ တောင်သူများအား ဖြန့်ဖြူးပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **အေမင်းရည်စော(ပြန်/ဆက်)**

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၄ – နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၈) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့် ရန်ကုန်တိုင်းဒေသကြီးရုံး ပဥ္စမထပ်ရှိ ညီလာခံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ပုဂ္ဂလိကကဏ္ဍ အသီးသီးရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သိသင့်သိထိုက်သောကုန်သွယ်မှုဆိုင်ရာ အသိပညာဗဟုသုတများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသည့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်သစ်များနှင့် ကုန်သည်စီးပွားရေးလုပ်ငန်းရှင်သစ်များ မွေးထုတ်ပေးရန်၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်တို့အတွက် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

ကုန်သွယ်မှု လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံတကာငွေကြေးပေးချေမှုဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများနှင့် ကုန်ပစ္စည်း အရည်အသွေးပိုင်းဆိုင်ရာ လုပ်ငန်းများ စသည့်လုပ်ငန်းနယ်ပယ်အသီးသီးရှိ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များကို အလေးထား သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း

ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါသင်တန်းသို့သင်တန်းသား သင်တန်းသူ ၉၇ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်(MCB) တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဘဏ်လုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ်းနားလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းများ လီမိတက် (MITS) မှ တာဝန်ရှိသူများကို တွေ့ဆုံ၍ အသင်းအနေဖြင့် ကုန်ပစ္စည်းများ အရည်အသွေးစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သည်လုပ်ငန်းရှင်များ၏ ယုံကြည်အားကိုးမှု ရရှိစေရန် ရိုးသားမှု၊ ဘက်မလိုက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်သိမှု စသည့်အချက်များနှင့်ညီအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ပြည်ပပို့ကုန်ဖြစ်သည့် ရော်ဘာများ အရည်အသွေး ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ(၂၀၂၃) ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ (၂၀၂၃) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက် ကျင်းပသည်။

ညီလာခံဒုတိယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ၏ ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်အားပေးပြီး သဘာပတိနှင့် ဆွေးနွေးဟောပြောသူများကို မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာရွှေတိုး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်သီဟနှင့် ထိုင်းနိုင်ငံ Faculty of Dentistry, Khon Kaen University မှ Dean Professor Ajiravudh Subarnbhesaj တို့အကြား ဆေးလက်တွေ့အသိပညာဖလှယ်ရေး၊ သင်ကြားရေးနှင့် သွားနှင့်ခံတွင်းဆေးပညာ သုတေသနလုပ်ငန်းများကို ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်နိုင်ရေး နားလည်မှုစာချွန်လွှာ (MOU) သက်တမ်းတိုးလက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ထို့ပြင် ညီလာခံဒုတိယနေ့၌ ကိုရီးယားသမ္မတနိုင်ငံမှ Korea University Medicine မှ ပါမောက္ခများ

က သွားမြစ်တုအစားထိုးကုသမှုများကို လည်းကောင်း၊ ဂျပန်နိုင်ငံ Japan Heart Foundation မှ ပါမောက္ခက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသခြင်းအကြောင်းနှင့် မလေးရှားနိုင်ငံ International Medical University မှ သွားနှင့် ခံတွင်းခွဲစိတ်ဆရာဝန်က မျက်နှာ၊ မေးရိုးနှင့်ခံတွင်း ခွဲစိတ်ကုသမှုများအကြောင်းတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့အတူ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးနှင့် အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာမျိုးဝင်းတို့က သွားနှင့်ခံတွင်းဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာနှင့်ပတ်သက်၍ လည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခ ဒေါက်တာအောင်သူဟိန်း၊ ပါမောက္ခဒေါက်တာဇော်မိုးဟိန်း၊ ပါမောက္ခဒေါက်တာအောင်သိန်းထွန်း၊ ပါမောက္ခ ဒေါက်တာ ကျော်တင့်၊ ပါမောက္ခ ဒေါက်တာကိုကိုစိုး၊ ပါမောက္ခ ဒေါက်တာအောင်ဝင်းနှင့်ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခ ဒေါက်တာလှမျိုးနိုင်တို့က မေးရိုးနှင့်သွားနှင့်ခံတွင်း ဆေးပညာဆိုင်ရာ ဆွေးနွေးဟောပြောမှုများကို ဆောင်ရွက်ကြသည်။

ညီလာခံပထမနေ့ မွန်းလွဲပိုင်းကလည်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကုသရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea University Medicine တို့အကြား နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများခွဲစိတ်ကုသခြင်းဆိုင်ရာ ဆေးလက်တွေ့ အသိပညာဖလှယ်ရေး နားလည်မှုစာချွန်လွှာ (MOU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်ပြီး**(အပေါ်ပုံ)** မြန်မာနိုင်ငံတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသခြင်းဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ကိုရီးယားသမ္မတနိုင်ငံ Korea University Medicine မှ Director Professor Kim Deok-Woo တို့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသခြင်းဆိုင်ရာ ဆေးလက်တွေ့အသိပညာဖလှယ်ရေး နားလည်မှုစာချွန်လွှာ(MOU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ပြင် ညီလာခံပထမနေ့၌ ပြည်ပပညာရှင်များဖြစ်ကြသော ထိုင်းနိုင်ငံ Khon Kaen University မှ ပါမောက္ခများက မေးရိုးခံတွင်းကင်ဆာနှင့်ပတ်သက်၍လည်းကောင်း၊ ကလေး သွားများတွင် ဖြစ်တတ်သော မာကျောမှုအဆင့်မမီခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ Mahidol University မှ ပါမောက္ခက မျက်နှာ၊ မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုသမှုနှင့် ဆန်းသစ်တီထွင်မှုများအကြောင်းနှင့် Chulalongkorn University မှ ပါမောက္ခက ခံတွင်းအတွင်းရှိ အဏုဇီဝပိုးမွှားများအကြောင်းကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ထို့အတူ တပ်မတော်ဆေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာဇော်ဝင်းထွန်းနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခ ဒေါက်တာထွန်းငွေတို့က မေးရိုးနှင့် သွားနှင့်ခံတွင်းဆေးပညာဆိုင်ရာ ဆွေးနွေးဟောပြောမှုများကို ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးပညာညီလာခံကို "အရည်အသွေးပြည့်..သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး" ဆောင်ပုဒ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ညီလာခံဒုတိယနေ့ အစီအစဉ်များတွင် စာတမ်းဖတ်ပွဲ (parallel session) ၂၅ ခု ပါဝင်ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ဖြူမြို့နယ်၌ မိုးစပါး ဂ ဒသမ ၁ဂ ဧက စံကွက်ရိတ်သိမ်းပွဲကျင်းပ

ကျောက်ဖြူ နိုဝင်ဘာ ၄

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ မိုးစပါး(၁)ဧက အထွက်နှုန်းပိုမိုထွက်ရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက မိုးစပါး ဂ ဒသမ ၁ဂ ဧက စံကွက်ရိတ်သိမ်းပွဲကို ဂုံးချိန်ကျေးရွာအုပ်စု လယ်ဒါပြင်ကျေးရွာ ကွင်းအမှတ်(၄၅၁)၊ တောင်သူ ဦးထွန်းကျော်ဦး၏ လယ်မြေ၌ ကျင်းပသည်။ **(ဝဲပုံ)**

မိုးစပါးစံကွက် ဂ ဒသမ ၁ဂ ဧကရိတ်သိမ်းရာတွင် တောင်သူ ဦးထွန်းကျော်ဦး စိုက်ပျိုးထားရှိသည့် ဆင်းသွယ်လတ်စပါးမျိုးကို စံကွက်ရိတ်သိမ်းခြင်းဖြစ်ကာ ဂ ဒသမ ၁ဂ ဧကတွင် အထွက်နှုန်း အနေဖြင့် ၁ဂဂ ဒသမ ၈၉ တင်း အစိုထွက်ရှိသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း

(မြန်/ဆက်)

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ပေးအပ်

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး အလှူရှင်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၄

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ အောင်ပြီမ်းအေးခန်းမ၌ပြုလုပ်ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင်အလှူရှင် ၄၉ ဦးက ဂုဏ်ပြုချီးမြှင့်ငွေစုစုပေါင်းငွေကျပ် ၁၁၀၂၇ သိန်းအား ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ ရှမ်းပြည်နယ်အတွင်းရှိ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၂၂၈ ဦးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၆၅၆၀ သိန်းအား ဂုဏ်ပြုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ငပုတောမြို့နယ်တွင်လည်းကောင်း၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် အဖျောက်မြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းကောင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျုံကူးကျေးရွာ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၀၆၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၄၀၊ ခွဲစိတ်ရောဂါ ၈၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၅၂ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ အရိုးရောဂါ ၁၂၀၊ နား / နှာခေါင်း / လည်ချောင်းရောဂါ ၆၅ ဦး၊ မျက်စိရောဂါ ၂၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၁၀ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ခတ်မှန်ရိုက်လူနာ ၂၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် ဆေးဝါးများ၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီး(မဟာသံတန်ဆောင်းတော်)၌အခြေပြု၍ အဖျောက်မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၇၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၈၅ ဦး၊ ခွဲစိတ်ရောဂါ ၈၂ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၀၊ အရိုးရောဂါ ၁၁၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၇ ဦး၊ မျက်စိရောဂါ ၉၉ ဦးနှင့် သွားရောဂါ ၃၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ သုံးဦး၊ ဓာတ်မှန်ရိုက်လူနာ လေးဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၂၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ငါးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဦးစန်းမောင်

မနော်ဟေမူးဖော

တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်–

မနော်ဟေမူးဖော (ဒေသခံ ကျုံကူးရွာ)

သမီးက နှလုံးအောင့်တာ သုံးနှစ်ကျော်လောက် ရှိပါပြီ။ အခုက နယ်လှည့်ဆေးကုသရေးအဖွဲ့ကို လာပြတာပါ။ ရင်ထဲမှာပီတိလည်း ဖြစ်တယ်ပေါ့နော်။ ဒီလိုမျိုး ကုသမှုမျိုးလည်း မခံယူဖူးဘူးလေ။ ဒါပထမဆုံးပဲ။ ပါရဂူကြီးတွေနဲ့ လာပြရတာပေါ့နော်။ ရောဂါလည်း သက်သာသွားပါတယ်။ အဆင်လည်း ပြေတယ်ပေါ့နော်။ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ကအခုလိုလာရောက်ဆေးကုသပေးတော့ သမီးရင်ထဲမှာ အလွန်ဝမ်းသာပါတယ်။ သမီးတို့ရွာကိုလည်း ခဏခဏလာပြီးတော့ ဆေးကုသပေးစေချင်ပါတယ်။ သမီးတို့ရွာမှာ လူတွေအများကြီး ရှိပါတယ်။ ရောဂါသည်တွေလည်း အများကြီးပဲပေါ့။ အခုလိုမျိုး အခမဲ့လာကုသပေးတာလည်း ကျေးဇူးအများကြီး တင်ပါတယ်။ အခုလို စီစဉ်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တာဝန်ရှိသူအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

ဦးစန်းမောင်

အမှတ်(၁)ရပ်ကွက်၊ အဖျောက်မြို့

အဘအသက်က ၇၀ ရှိပါပြီ။ အရိုးအကြော၊ အာရုံကြောအားနည်းတယ်ဆိုလို့ ဒီကိုလာပြီးတော့ ပြသရခြင်းဖြစ်ပါတယ်။ ဆေးခန်းမှာ အဘပြတဲ့ အခါကျတော့ ဒေါက်တာက အာရုံကြောအားနည်းတယ်ဆိုလို့ ဒေါက်တာရေးပေးတဲ့ ဆေးကို အခုဝယ်ပြီး စားနေရပါတယ်။ အဘရောဂါက သုံးနှစ်လောက် ဖြစ်သွားပြီ။ တပ်မတော်ဆေးကုသရေးအဖွဲ့ကနေပြီး အဖျောက်ကိုလာပြီးတော့ အခမဲ့ဆေးကုသပေးတဲ့အတွက် လာရောက်ပြသရခြင်းပဲဖြစ်ပါတယ်။ အဘပတ်ဝန်းကျင်မှာရှိတဲ့ ရောဂါဝေဒနာခံစားနေရတဲ့ ပုဂ္ဂိုလ်တွေလည်း ဒီမှာလာပြီး ဆေးကုသရေးအဖွဲ့ကို သွားပြီးတော့ စေတနာကောင်းမွန်စွာနဲ့ သူတို့ စမ်းသပ်စစ်ဆေးပေးတယ်ဆိုတဲ့အကြောင်းကို မျှဝေပေးချင်ပါတယ်။ ဒါကြောင့်မို့ အဘတို့လို မပြည့်စုံတဲ့သူတွေ ရန်ကုန်ဆေးရုံဆေးခန်းကြီးတွေ မသွားနိုင်တဲ့အတွက် အခုလို အခမဲ့လာရောက်ကုသပေးတဲ့ တပ်မတော်ဆေးကုသရေးအဖွဲ့ကိုလည်း အဘအများကြီး ကျေးဇူးတင်ပါတယ်။ ။

သတင်းစဉ်

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်မှ ၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing) ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်း ဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ် စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းဧရိယာပြပုံ



မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်၌ စုပေါင်းအင်အား ၃၄၀၀ ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မကွေး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီးအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဆေးရုံဆေးခန်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးတို့အတွက် အပတ်စဉ် (စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက မကွေးမြို့ ဆေးတက္ကသိုလ်ကျောင်းအတွင်း၌ ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ထွန်းဝင်း၊ မကွေးလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်နှင့် တိုင်းဒေသကြီးဝန်ကြီးများက သွားရောက်၍ ကြည့်ရှုအားပေးသည်။ (ဓါတ်ပုံ)

ထိုသို့စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မကွေးတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများစုပေါင်း၍မကွေးမြို့ ဆေးတက္ကသိုလ်ကျောင်းအတွင်းရှိ မြက်၊ ချုံနွယ် ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်း အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်သည်။

အလားတူ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စုစုပေါင်းအင်အား ၃၄၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံး အဆောက်အအုံများ၊ မြို့၊ ရွာ၊ စာသင်ကျောင်း၊ ဆေးရုံများ သန့်ရှင်းသာယာလှပစေရေးနှင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ အထောက်အကူဖြစ်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို အပတ်စဉ် (စနေနေ့တိုင်း) တိုင်းလုံးကျွတ် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံး ချမ်းမြေ့ပြီးမျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့၊ ရွာ Clean city၊ Clean Village များ ဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့်ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကိုဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူ အားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့် ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းတုံမြို့နယ်နှင့် ပုံပါကျင်မြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နှင့် ကျွမ်းစုမြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်နှင့်မကွေးတိုင်းဒေသကြီးအတွင်းရှိမကွေးမြို့နယ်နှင့် ချောက်မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့လှမြို့နယ်နှင့် တောင်ငူမြို့နယ်တို့၌ လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်းအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

အိအိချော (စားသုံးသူရေးရာဦးစီးဌာန)

"သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး" ဟူသော စကားပုံကို ကြားဖူးကြပါလိမ့်မည်။ အနက်အဓိပ္ပာယ်အားဖြင့် ကောင်းကျိုး၊ ဆိုးကျိုးတို့ကို ဒွန်တွဲပိုင်ဆိုင်ထားသော တစ်စုံတစ်ခု၏ အကြောင်းအရာများကို ဂဃနဏသိရှိကာ စည်းစနစ်တကျ မှန်ကန်စွာသုံးစွဲတတ်လျှင် ကောင်းမွန်သော အကျိုးဆက်များကို ခံစားရမည်ဖြစ်ပြီး သုံးစွဲမှုမမှန်ကန်ပါက ဆန့်ကျင်ဘက်အနေဖြင့် ဆိုးကျိုးများသက်ရောက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

စားသုံးဆီသည် လူသားတို့နေ့စဉ် စားသောက်နေသော အစားအစာများထဲတွင် အင်အားဓာတ်ကို ပေးစွမ်းနိုင်သော ပင်မရင်းမြစ်တစ်ခုဖြစ်ပါသည်။ ဆီထွက်ပင်ရင်းအပေါ် မူတည်ပြီး အပင်ထွက်ဆီ (Vegetable Oil) နှင့် တိရစ္ဆာန်ထွက်အဆီ (Animal Fat) ဟူ၍ နှစ်မျိုးခွဲခြားထားရာ နေ့စဉ်ချက်ပြုတ်စားသောက်ကြရာ၌ အပင်ထွက်ဆီများကိုသာ အများဆုံး အသုံးပြုကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အဆိုပါ အပင်ထွက်ဆီ အမျိုးမျိုးတို့ကို မိမိတို့ ချက်ပြုတ်ကြော်လှော်လိုသည့် နည်းစနစ်နှင့် ကိုက်ညီစွာသုံးစွဲတတ်စေရန် ၎င်းတို့၏ ထူးခြားသော ဝိသေသလက္ခဏာများအား သိရှိနားလည်ထားရန် လိုအပ်လှပါသည်။

ကြော်လှော်သည့် နည်းစနစ်များ

နေ့စဉ်လူနေမှုဘဝတွင် စားသုံးဆီကို ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အသုံးပြုကြပါသည်။ အချို့က သာမန်ချက်ပြုတ်ကြော်လှော်ရန် အသုံးပြုကြသကဲ့သို့ အချို့ကမုန့်ဖုတ်ရန်နှင့် ဆီဆမ်းစားရန်စသည်ဖြင့် အသုံးပြုကြပါသည်။ ချက်ပြုတ်ကြော်လှော်ရာ၌လည်း နှစ်ကြော် (Deep Fat Frying)၊ အိုးကပ်ကြော်/ မွှေကြော် (Pan / Shallow Frying and Stir Frying) နှင့် ဆာတေးကြော် (Sauté Frying) တို့မှာ အသုံးများသော ကြော်လှော်သည့် နည်းစနစ်များ ဖြစ်ကြပါသည်။ နှစ်ကြော်ကြော်သည့်နည်းစနစ်တွင် အကြော်အိုး၏ သုံးပုံနှစ်ပုံခန့် ဆီထည့်ပြီးကြော်လိုသည့် အရာကို ဆီပူထဲတွင် နစ်မြုပ်စေလျက် ကြော်ရမည် ဖြစ်ပါသည်။

အိုးကပ်ကြော်နည်းစနစ်တွင် ဆီပမာဏ ခပ်တိမ်တိမ်သာ အသုံးပြုရပါမည်။ နှစ်ကြော်နှင့် အိုးကပ်ကြော်တို့အတွက် လိုအပ်သောဆီ၏ အပူချိန်မှာ ယေဘုယျအားဖြင့် ၃၅၀ ဒီဂရီဖာရင်ဟိုက်မှ ၃၇၅ ဒီဂရီဖာရင်ဟိုက်ထိ (၁၇၇ ဒီဂရီစင်တီဂရိတ်မှ ၁၉၁ ဒီဂရီစင်တီဂရိတ်)ဖြစ်ပါသည်။ ဆာတေးကြော် နည်းစနစ်တွင် အနည်းငယ်မျှသော ပမာဏရှိသည့် ဆီကို အကြော်အိုးတွင် ရွှဲရွှဲသုတ်လိမ်းပြီးကြော်လိုသည့်အရာကို ခပ်ပါးပါးလှီးဖြတ်၍ဖြစ်စေ၊ အတုံးငယ်များ လှီးဖြတ်၍ဖြစ်စေ ဆီပူတွင် ရွှေညိုရောင်ပြောင်းသည်အထိ ကြော်ရပါမည်။ ယင်းနည်းစနစ်အတွက် ဆီ၏ယေဘုယျအပူချိန်သည် ၃၀၀ ဒီဂရီဖာရင်ဟိုက်မှ ၃၅၀ ဒီဂရီဖာရင်ဟိုက်ထိ (၁၄၉ ဒီဂရီစင်တီဂရိတ်မှ ၁၇၇ ဒီဂရီစင်တီဂရိတ်) လိုအပ်မည် ဖြစ်ပါသည်။

စားသုံးဆီ၏ ဓာတုဗေဒဆိုင်ရာဖွဲ့စည်းပုံ

စားသုံးဆီသည် ဓာတုဗေဒဆိုင်ရာဖွဲ့စည်းပုံအရ ဂလစ်စရောနှင့် ဖက်တီးအက်ဆစ်တို့၏ ရောနှောခြင်းမှ ဖြစ်ပေါ်လာသော ထရိုင်ဂလစ်စရိုက် (Tri-glyceride) ဖြစ်ပါသည်။ ဂလစ်စရောနှင့်အတူ ပေါင်းစပ်နေသော ဖက်တီးအက်ဆစ်ပုံစံ သုံးမျိုးရှိရာ ပြည့်ဝအဆီ အက်ဆစ် (Saturated FattyAcid)၊ မိုနို မပြည့်ဝအဆီအက်ဆစ် (Mono Unsaturated Fatty Acid) နှင့် ပိုလီ မပြည့်ဝအဆီ အက်ဆစ် (Poly Unsaturated Fatty Acid)တို့ဖြစ်ပါသည်။ ၎င်းအဆီအက်ဆစ်များ၏ ပါဝင်ပေါင်းစပ်မှု အချိုးအစားအပေါ်မူတည်၍ စားသုံးဆီများ၏ အသွင်သဏ္ဌာန်နှင့် ဂုဏ်အရည်အသွေးများ ကွဲပြားသွားခြင်းဖြစ်ပါသည်။ စားသုံးဆီတစ်မျိုးစီတွင် ကွဲပြားသော ဂုဏ်အရည်အသွေးများ ပိုင်ဆိုင်ထားကြရာ မီးခိုးမှတ် (Smoke Point) နှင့် မီးလောင်မှတ် (Flash Point)တို့လည်း အပါအဝင် ဖြစ်ပါသည်။

စားသုံးဆီကို အဖုံးဖွင့်အိုးထဲတွင် ထည့်ပြီး အပူပေးခြင်းဖြင့် မီးခိုးများ စတင်ထွက်လာသော အပူချိန်ကို ၎င်းဆီ၏ မီးခိုးမှတ်ဟုလည်းကောင်း၊ မီးခိုးထွက်ပြီးမှ မီးတောက် စတင်ထွက်ပေါ်လာသော အပူချိန်ကို မီးလောင်မှတ်ဟုလည်းကောင်း သတ်မှတ်ထားပါသည်။ ထို့ကြောင့် စားသုံးဆီကို အသုံးပြု၍ မိမိနှစ်သက်ရာ ချက်ပြုတ်နည်းများ အတိုင်း ပြုလုပ်မည်ဆိုပါက အသုံးပြုသောဆီ၏ မီးခိုးမှတ်ကို သိရှိထားရမည်ဖြစ်ပါသည်။ နှစ်ကြော်နှင့် အိုးကပ်ကြော်များအတွက် မီးခိုးမှတ်မြင့်သော စားသုံးဆီများကို အသုံးပြုရပါမည်။

ဘေးအန္တရာယ်ရှိသော အစားအစာများ

မီးခိုးမှတ်နိမ့်သော စားသုံးဆီများကိုဖြစ်စေ၊ မပြည့်ဝမှုများသော ပိုလီဆီများကိုဖြစ်စေ အပူချိန်အမြင့်တွင် အချိန်ကြာကြာအသုံးပြုသည့်အခါ စားသုံးဆီ၏ ဓာတုဖွဲ့စည်းပုံပျက်စီးလာပြီး အဆီအက်ဆစ်လွတ်များ (Free Fatty Acid) နှင့် ပိုလာဒြပ်ပေါင်းများ (Polar Compounds) ထွက်ပေါ်လာကာ အပူကြောင့်ဓာတ်တိုးခြင်း (Thermal Oxidation) ဖြစ်စဉ် ဖြစ်ပေါ်လာပါသည်။ ၎င်းဖြစ်စဉ်ကြောင့် ဆီ၏ ပါရောက်ဆိုက်တန်ဖိုးမြင့်တက်လာခြင်းနှင့်အတူ ဆီသားတည်မြဲမှု (Oil Stability) လည်းကျဆင်းလာလေ့ရှိပါသည်။ ထိုကဲ့သို့ အသုံးပြုနေသည့် အချိန်အတွင်း၌ပင် ဆီသားပျက်စီးမှုဖြစ်လာသောဆီဖြင့် ကြွပ်ကြွပ်ရွရွဖြစ်အောင် ကြော်လှော်ထားသော အစားအစာများသည် လူတို့၏ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသော အစားအစာများဖြစ်ပါသည်။

မီးခိုးများထွက်လာသည်အထိ အသုံးပြုပြီးသော စားသုံးဆီသည် အရည်အသွေး ကျဆင်းနေသော ဆီသာဖြစ်ပါသည်။ ၎င်းဆီမျိုးကို နောက်တစ်ကြိမ် ပြန်သုံးပါက ပြန်ကြော်ဆီ (Reused Oil)ဟု သတ်မှတ်နိုင်ပြီး ပထမကြော်ပြီးသော ပစ္စည်း၏ အနံ့၊ အရသာနှင့် အမှုန်အမွှားများသည် ဒုတိယ အကြော်ခံပစ္စည်းပေါ်သို့ ကူးစက်ခြင်း၊ ဖွဲ့စည်းပုံပျက်နေသော ဆီဖြင့်ကြော်ထားသော အစားအစာဖြစ်ခြင်း တို့ကြောင့် စားသုံးသူ၏ ကိုယ်ခန္ဓာအတွင်း၌ ဓာတ်တိုးမှုများဖြစ်ပေါ်လာရပြီး အရွယ်မတိုင်မီ အိုမင်းခြင်း၊ အဝလွန်ခြင်းများအပြင် ကင်ဆာဖြစ်ပွားစေသော ဆဲလ်များကိုပါ တိုးပွားစေခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာနိုင်ပါသည်။

နည်းလမ်းမှန်ကန်စွာ စားသောက်ခြင်းဖြင့်

ဟင်းသီးဟင်းရွက်ဆီ(Vegetable Oil)အုပ်စုဝင် ဆီများ၏ ဓာတ်ဖွဲ့စည်းပုံအရ ဂလစ်စရောနှင့် အဆီအက်ဆစ်များအပြင် အနံ့ပေးပစ္စည်း၊ အရောင်ပေးပစ္စည်းများနှင့်အတူ သဘာဝအတိုင်း ပါဝင်နေသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) လည်း တွဲဆက်လျက်ရှိနေပါသည်။ ဥပမာအားဖြင့် ဖွဲနုဆီတွင် တိုကိုဖီရောလ် (Tocopherols) တို့ကို ထရိုင်အီနော (Tocotrienols) စသည့် ဗီတာမင်အီးဒြပ်နှော (Vitamin E Complex)၊ အပင်ထွက် စတီရော(Phytosterols)၊ ပိုလီဖီနောလ် (Polyphenol) တို့အပြင် အားကောင်းသော ဓာတ်တိုးဆန့်ကျင်ပစ္စည်း တစ်ခုဖြစ်သည့် ဂမ်မာအိုရီဇနော (γ- Orizanol) ပါဝင်နေပါသည်။

နှမ်းဆီ၌မူ ဖီနောလ်အုပ်စုဝင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သည့် (Sesamol) နှင့် (Sesaminol) တို့ ပါဝင်နေပါသည်။ ၎င်းဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် လူတို့၏ကျန်းမာရေးအတွက် များစွာအထောက်အကူပြုရုံမျှမက အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းဘေးမှလည်း ကင်းဝေးစေနိုင်သည့် ဂုဏ်သတ္တိများရှိကြပါသည်။ ၎င်းဓာတ်များကိုလူတို့၏ ခန္ဓာကိုယ်မှ သဘာဝအတိုင်း ထုတ်လုပ်နိုင်ခြင်း မရှိသောကြောင့် ထိုဓာတ်များပါဝင်နေသော စားသုံးဆီများကို နည်းလမ်းမှန်ကန်စွာ စနစ်တကျ စားသောက်ခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူဖြစ်စေပါသည်။

စားသုံးဆီတွင် သဘာဝအတိုင်းပါဝင်နေသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အပူကြောင့် ပျက်စီးတတ်ကြပါသည်။ ထို့ကြောင့် မီးခိုးမှတ်မြင့်သော စားသုံးဆီများဖြစ်စေကာမူ လူတို့၏ ကျန်းမာရေးအတွက် အလွန်အကျိုးရှိစေသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကို မပျောက်ပျက်စေခြင်းအလို့ငှာ အပူချိန်အနိမ့်၌ ချက်ပြုတ်သင့်ပါသည်။ သို့မဟုတ်ပါက အပူပေးရန်မလိုသော လက်သုပ်ဆီ/ ဟင်းလျာပြုပြင်ရာတွင် အသုံးပြုသောဆီ (Salad Oil/ Dressing/ Finishing Oil) အဖြစ်သာ အသုံးပြုသင့်ပါသည်။

ဆီများ၏ မီးခိုးမှတ်များ

မိမိတို့နိုင်ငံတွင် အများဆုံးအသုံးပြုနေကြသော ဟင်းသီးဟင်းရွက်ဆီများမှာ မြေပဲဆီ၊ စားအုန်းဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ဖွဲနုဆီနှင့် နှမ်းဆီတို့ဖြစ်ကြပါသည်။ မီးခိုးမှတ်စစ်ဆေးချက်အနေဖြင့် မြေပဲဆီ (၄၅၀ ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ ဒီဂရီစင်တီဂရိတ်)၊ စားအုန်းဆီ (၄၄၆ ဒီဂရီဖာရင်ဟိုက်၊ ၂၃၀ ဒီဂရီစင်တီဂရိတ်)၊ နေကြာဆီ(၄၅၀ ဒီဂရီဖာရင်ဟိုက်၊၂၃၂ ဒီဂရီစင်တီဂရိတ်)၊ ပဲပုပ်ဆီ (၄၅၀ ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ ဒီဂရီစင်တီဂရိတ်)၊ ဖွဲနုဆီ(၄၉၀ ဒီဂရီဖာရင်ဟိုက်၊ ၂၅၅ ဒီဂရီစင်တီဂရိတ်)နှင့် နှမ်းဆီ (၄၁၀ ဒီဂရီဖာရင်ဟိုက်၊ ၂၃၂ ဒီဂရီစင်တီဂရိတ်) တို့ဖြစ်ပါသည်။ **(http:// curiouscuisiniere.com> Smoke Point of Common Cooking Fats)**

မီးခိုးမှတ်စစ်ဆေးချက်များအရ မိမိတို့နိုင်ငံတွင် စားသုံးနေကြသော စားသုံးဆီများသည် မီးခိုးမှတ်မြင့်သော စားသုံးဆီများဖြစ်ကြပါသည်။ ဓာတုဗေဒဆိုင်ရာ ဖွဲ့စည်းပုံအရ မြေပဲဆီနှင့် ဖွဲနုဆီသည် မိုနိုမပြည့်ဝဆီများဖြစ်ကာ နေကြာဆီ၊ ပဲပုပ်ဆီနှင့် နှမ်းဆီတို့သည် ပိုလီ မပြည့်ဝဆီများ ဖြစ်ကြပါသည်။ ထူးခြားမှုအနေဖြင့် စားအုန်းဆီသည် ၎င်း၏အဆီအက်ဆစ်ဖွဲ့စည်းပုံအရ ပြည့်ဝအဆီအက်ဆစ်နှင့် မပြည့်ဝအဆီအက်ဆစ်တို့ ဆတူနီးပါး ပါဝင်ပေါင်းစပ်ထားသော ဆီဖြစ်ပါသည်။ ထို့ကြောင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်နေသော နေကြာဆီနှင့် ပဲပုပ်ဆီတို့ကို အပူချိန်နိမ့်နိမ့်တွင်သာ ချက်ပြုတ်ရန်၊ မပြည့်ဝအဆီ အက်ဆစ်အပိုင်းများစွာ ပါဝင်ပြီး ပေါ်လီဖီနောလ်အုပ်စုဝင် ရနံ့ပေးပစ္စည်း ကြွယ်ဝစွာပါဝင်သော နှမ်းဆီသန့်ကိုမူ အပူပေးရန် မလိုအပ်သော လက်သုပ်ဆီအဖြစ် အသုံးပြုရန်နှင့် မြေပဲဆီ၊ စားအုန်းဆီတို့ကို အပူချိန်အမြင့်တွင် နှစ်ကြော်/ အိုးကပ်ကြော်ကြော်ရာ၌ အသုံးပြုရန် တို့ကို အကြံပြုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် မိမိတို့ အသုံးပြုနေသည့် စားသုံးဆီအမျိုးအစားနှင့် သင့်လျော်မည့် ချက်ပြုတ်နည်းစနစ်များကို သေချာစွာသိရှိခြင်းဖြင့် နေ့စဉ်ချက်ပြုတ်စားသောက်နေရသော လူနေမှုဘဝများအတွက် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများမှ ကင်းဝေးကြစေရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်နေသော နေကြာဆီနှင့် ပဲပုပ်ဆီတို့ကို အပူချိန်နိမ့်နိမ့်တွင်သာ ချက်ပြုတ်ရန်၊ မပြည့်ဝအဆီ အက်ဆစ်အပိုင်းများစွာ ပါဝင်ပြီး ပေါ်လီဖီနောလ်အုပ်စုဝင် ရနံ့ပေးပစ္စည်း ကြွယ်ဝစွာပါဝင်သော နှမ်းဆီသန့်ကိုမူ အပူပေးရန် မလိုအပ်သော လက်သုပ်ဆီအဖြစ် အသုံးပြုရန်နှင့် မြေပဲဆီ၊ စားအုန်းဆီတို့ကို အပူချိန်အမြင့်တွင် နှစ်ကြော်/ အိုးကပ်ကြော်ကြော်ရာ၌ အသုံးပြုရန်တို့ကို အကြံပြုအပ်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်ရေး ညှိနှိုင်းစည်းဝေး

မုံရွာ နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေး (၅/၂၀၂၃)ကို နိုဝင်ဘာ ၃ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် တာဝန်ရှိများအနေဖြင့် အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပေးအပ်သည့် တာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ကြစေ လိုပါကြောင်း၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် တာဝန်ရှိသူများမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်မီစွာကောက်ခံရရှိရေး အလေးထားကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များအတွင်း မိမိတို့ဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မြို့သာယာလှပရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ မြို့နယ်များအတွင်း အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှု၊ MSMEs လုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး၊ ကသာ၊ ခန္တီး၊ စစ်ကိုင်း၊ ရွှေဘို၊ ရွှေဘိုနှင့် ဟုမ္မလင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် မိမိတို့ခရိုင်များအတွင်းရှိ မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ် အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး ဖြည့်စွက်အကြံပြု ဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကံမမြို့နယ် အမှတ်(၂)ရပ်ကွက် ကျောက်တံခါးကုန်းတော်ပေါ်ရှိ ရွှေဂူစေတီတော်နှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် နိုဝင်ဘာ ၄ ရက်က ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ ကျော်ဇေယျဝင်း(ကံမ)

မော်လမြိုင်ကျွန်းမြို့နယ်၌ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး ပညာပေးဟောပြော

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်မှုဖြင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ငုဝါဆောင်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှငွေးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်က မော်လမြိုင်ကျွန်းမြို့ကို သန့်ရှင်းသာယာလှပသော မြို့တစ်မြို့ ဖြစ်စေရေး ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဟောပြောပွဲကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှငွေး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

(၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

ရွှေဘို နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းကို နိုဝင်ဘာ ၃ ရက်က ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

သွေးလှူဒါန်းရာတွင် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းစုစုပေါင်း ၁၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးစစ်ခြင်း၊ သွေးလက်ခံရယူခြင်းများကို ဆောင်ရွက်သည်။

စုပေါင်းသွေးလှူဒါန်းရာသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ဝန်ထမ်းများထံ အားဆေးနှင့် ဖြည့်စွက်စာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဖြူးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း စတင်ကောက်ယူ

ဖြူး နိုဝင်ဘာ ၄

အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးစီမံချက်ဖြင့် ဖြူးမြို့နယ်အတွင်း ကျေးရွာ ၆၃ ရွာနှင့် ရပ်ကွက်လေးခုတွင် အဖွဲ့သုံးဖွဲ့ဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းများ ကောက်ယူသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုစာရင်းဇယားများအတည်ပြုနိုင်ရေး၊ တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှုစံနှုန်းများကို သုံးသပ်ပြင်ဆင်နိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးလုပ်ငန်းကို ဝဲဒေါင့်ကျေးရွာ၌ နိုဝင်ဘာ ၁ ရက်က စတင်ဆောင်ရွက်သည်။

တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးငြိမ်းအောင်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ကြံခင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း၊ ဆောင်းနေကြာနှင့် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်

ကြံခင်း နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ခုနှစ် ဧက ၁၀၀ တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ဆောင်ရွက်သည့် မိုးစပါးစံပြကွက် စံကွက်ရိတ်သိမ်းပွဲ၊ ဆောင်းနေကြာနှင့် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲကို ကြံခင်းမြို့နယ် ဘက်ရဲမြို့ အမှတ်(၂)ရပ်ကွက်မှ တောင်သူ ဒေါ်မေလွင်၏ လယ်မြေတွင် နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာ၌ ဆင်းသုခမိုးစပါးတစ်ဧကလျှင် အစို ၁၁၅ ဒသမ ၄၅ တင်းနှင့် အခြောက် ၁၀၅ ဒသမ ၉၅ တင်း ထွက်ရှိကြောင်း သိရသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ကြံခင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များက တောင်သူများအား ဆောင်းနေကြာမျိုးစေ့နှင့် သစ်စိမ်းမြေသြဇာမျိုးစေ့များ ပေးအပ်ပြီး စိုက်ပျိုးထုတ်လုပ်မှုအောင်မြင်ရေးအတွက်စိုက်ပျိုးရေးပညာရှင်များ၏ နည်းပညာပေးမှုများ၊ တောင်သူများ၏ အတွေ့အကြုံတို့နှင့် ပေါင်းစပ်ဆောင်ရွက်ကြရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် Kyaw-3 ကော်ပစ္စည်း အမျိုးမျိုး ထုတ်ကုန်လုပ်ငန်း

တွေ့ဆုံမေးမြန်း– စိုးစိုးအေး လက်ထောက်ညွှန်ကြားရေးမှူး ခရိုင် (ပြန်/ဆက်)၊ ဓာတ်ပုံ – ဝေနိုင်ထွန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဒေသခံများအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးနေသည့် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချပြီး စွန့်ပစ်ပစ္စည်းများမှ အရည်အသွေးရှိသည့် ကော်ပစ္စည်းထုတ်ကုန်အမျိုးမျိုးထုတ်လုပ်နေသည့် Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင် ဦးကျော်ဌေးဦးနှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။

အလုပ်သမားတွေက ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးပြီး အကျိုးအမြတ်တွေရတဲ့အတွက် အလုပ်သမားခံစားခွင့်တွေကို အပြည့်အဝပေးထားပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေး လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကို သိပါရစေ။

ဖြေ။ ။ ဒီလုပ်ငန်းကို စပြီးတည်ထောင်ဖြစ်တာကတော့ ရည်မှန်းချက်နဲ့ပါ၊ သူများနိုင်ငံမှာ အလုပ်လုပ်ပြီးတော့ ကိုယ့်နိုင်ငံမှာ စီးပွားရေးလုပ်ငန်းဖြစ်ထွန်းအောင် ကြိုးစားခဲ့ပြီး ကိုယ့်ရဲ့နိုင်ငံသားတွေ အလုပ်ရစေချင်တဲ့ ဆန္ဒရှိယ်၊ ကိုယ်ကိုတိုင်က သူများနိုင်ငံမှာ အလုပ်သမား မဖြစ်ချင်တဲ့ စိတ်ဓာတ်နဲ့ ဒီလုပ်ငန်းကို တည်ထောင်တာ ဖြစ်ပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် ကုန်ကြမ်းတွေကို ဘယ်လိုရရှိပါသလဲ။

ဖြေ။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေး လုပ်ငန်းအနေနဲ့ ကုန်ကြမ်းတွေကို အစကတော့ ထိုင်းနိုင်ငံ SCG ကုမ္ပဏီကနေ တင်သွင်းပါတယ်၊ အဲဒါကို ကုန်ကြမ်းအနေနဲ့ယူပြီးတော့ ကုန်ချောအဖြစ် ထုတ်လုပ်ပြီး မြန်မာနိုင်ငံမှာ အသုံးပြုသူတွေကို ဈေးနှုန်းချိုသာစွာနဲ့ ဝယ်သုံးနိုင်ဖို့နဲ့ တစ်ဖက်နိုင်ငံမှ ဈေးကြီးကြီးပေးပြီး ဝယ်မသုံးရတော့တဲ့အတွက် ပြည်သူတွေအတွက်ရော နိုင်ငံသားတွေအတွက်ပါ ရည်မှန်းပြီးတော့ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးကို လုပ်ကိုင်တာဖြစ်ပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် စက်ရုံမှဘာတွေကို အဓိက ထုတ်ပါသလဲ။

ဖြေ။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးလုပ်ငန်းအနေနဲ့ ဘာတွေအဓိက ထုတ်လဲဆိုတော ရေလှောင်တဲ့ ရေစည်တွေကို ဆိုက်အမျိုးမျိုး၊ ရေကြီးတဲ့အခါ အသုံးပြုတဲ့ ကယ်ဆယ်ရေးလှေတွေကို ထုတ်လုပ်ပါတယ်၊ ရေဇလားတွေ၊ ရေစည်တွေနဲ့ ပတ်သက်တဲ့ဟာတွေ အကုန်ထုတ်လုပ်ပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် တစ်နှစ်ကို ကော်တန်ဘယ်လောက် အသုံးပြုပါသလဲ၊ တစ်နေ့ ကုန်ချောဘယ်လောက်ထုတ်ပါသလဲ။

ဖြေ။ ။ Kyaw–3 ကော်ပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေနဲ့ တစ်နှစ် အသုံးပြုတဲ့ ကော်တန်ကတော့ တန် ၂၀၀ လောက် သုံးပါတယ်။ ဒီနှစ်မှာတော့ ပြည်ပမှ ကုန်ကြမ်းတင်သွင်းနှုန်းကို လျှော့ချပြီး ပြည်တွင်းမှာရှိနေတဲ့ Recycle ကို အသစ်အဖြစ် အသုံးပြုနိုင်ရေး ကြိုးစားပြီး နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ခဲ့ပါတယ်။။ ၂၀၁၃ ခုနှစ် ဩဂုတ်လကနေစပြီး Recycle စမ်းသပ်ထုတ်လုပ်မှုကို စတင်ခဲ့ပါတယ်။ အဲဒီလိုမျိုး စမ်းသပ်ထုတ်လုပ်နိုင်ခဲ့တဲ့အတွက် နိုင်ငံခြားငွေသုံးစွဲနှုန်းကို လျှော့ချပြီး ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ Recycle စွန့်ပစ်ပစ္စည်းတွေကို အသုံးဝင်အောင်၊ တန်ဖိုးရှိလာအောင် ထုတ်လုပ်ပြီး စတင်အသုံးပြုနေပါပြီ။ တစ်နေ့ကို ကုန်ချော

> ❖ **၂၀၁၃ ခုနှစ် ဩဂုတ်လကနေစပြီး Recycle စမ်းသပ်ထုတ်လုပ်မှုကို စတင်ခဲ့ပါတယ်။ အဲဒီလိုမျိုး စမ်းသပ်ထုတ်လုပ်နိုင်ခဲ့တဲ့အတွက် နိုင်ငံခြားငွေသုံးစွဲနှုန်းကို လျှော့ချပြီး ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ Recycle စွန့်ပစ်ပစ္စည်းတွေကို အသုံးဝင်အောင်၊ တန်ဖိုးရှိလာအောင် ထုတ်လုပ်ပြီး စတင်အသုံးပြုနေပါပြီ။ တစ်နေ့ကို ကုန်ချောအနေနဲ့ ရေတိုင်ကီအလုံး ၃၀၊ ၄၀ ထုတ်လုပ်နိုင်ပါတယ်၊ သုံးစွဲသူအော်ဒါမှာသလောက် ထုတ်လုပ်ပါတယ်။ တစ်နေ့ကို ရေတိုင်ကီအလုံး ၅၀ လောက်အထိ အစွမ်းကုန် ထုတ်နိုင်ပါတယ်**

အနေနဲ့ ရေတိုင်ကီအလုံး ၃၀၊ ၄၀ ထုတ်လုပ်နိုင်ပါတယ်၊ သုံးစွဲသူအော်ဒါမှာသလောက် ထုတ်လုပ်ပါတယ်။ တစ်နေ့ကို ရေတိုင်ကီအလုံး ၅၀ လောက်အထိ အစွမ်းကုန် ထုတ်နိုင်ပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် အလုပ်သမား ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးလုပ်ငန်းအနေနဲ့ Recycle လုပ်ငန်းမစတင်မီအချိန်က အလုပ်သမား ၃၀ ရှိပါတယ်၊ Recycle လုပ်ငန်း စတင်လုပ်ကိုင်တဲ့အခါ အလုပ်သမား ၁၅ ဦး ထပ်တိုးလာပါတယ်။ စုစုပေါင်း ၄၅ ဦး ရှိပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် အလုပ်သမား လုပ်ခလစာ ဘယ်လို သတ်မှတ်ပါသလဲ၊ အလုပ်သမားတွေက ကရင်ပြည်နယ်ကပဲလား၊ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှ လာရောက်လုပ်ကိုင်တာ ရှိပါသလား။

ဖြေ။ ။ Kyaw–3ကော်ပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်း အနေနဲ့ ကရင်ပြည်နယ်မှ မဟုတ်ပါဘူး၊ အလုပ်လုပ်တဲ့လူငယ်တွေကို ရွေးချယ်ပါတယ်၊ ကြိုးစားတဲ့လူငယ်တွေကို ခေါ်ယူပါတယ်၊ ကရင်ပြည်နယ်မှ မဟုတ်ပါဘူး၊ အလုပ်လုပ်ချင်တဲ့ ဘယ်ဒေသကမဆို လူငယ်တွေကို အလုပ်ခန့်ထားပါတယ်။ အလုပ်သမားလစာကတော့ အလုပ်ဝင်ဝင်ချင်း နှစ်သိန်းတစ်သောင်း ပေးပါတယ်၊ စားစရိတ်က တစ်နေ့ ၂၀၀၀၊ အလုပ်သမား ဖူလုံရေးကတ်တွေကိုတော့ အလုပ်ရှင်ဘက်က အားလုံးကျခံပါတယ်၊ အလုပ်သမားတွေနဲ့ ပတ်သက်လာပြီးတော့ ကုန်ကျစရိတ်တွေကို အထိအခိုက်မခံပါဘူး၊ အလုပ်သမားတွေက ကျွန်တော်တို့အတွက် အလုပ်လုပ်ပေးပြီး အကျိုးအမြတ်တွေရတဲ့အတွက် အလုပ်သမားခံစားခွင့်တွေကို အပြည့်အဝပေးထားပါတယ်။

မေး။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် ဝန်ထမ်းများလုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေး ဘယ်လို စီစဉ်ဆောင်ရွက်ပေးပါသလဲ။

ဖြေ။ ။ Kyaw–3 ကော်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးလုပ်ငန်း အနေနဲ့ ဝန်ထမ်းတွေ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းဖို့အတွက်ကတော့ အလုပ်သမားတွေကို လုပ်ငန်းခွင်မှာ မိမိကိုယ်ကို အန္တရာယ် မဖြစ်အောင် ဂရုပြုဆောင်ရွက်ဖို့ မှာကြားပါတယ်။ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းဖို့ဆိုရင် အလုပ်ရှင်တွေကပဲ ကာကွယ်ပေးဖို့မဖြစ်သလို အလုပ်သမားကလည်း ကိုယ့်အတွက်ကိုယ်တိုင် ကာကွယ်ပေးဖို့လည်း လိုအပ်ပါတယ်၊ နှစ်ဦးနှစ်ဖက်စလုံး လုပ်ငန်းခွင်အန္တရာယ်ကင်းဖို့၊ ကာကွယ်ဖို့ လိုပါတယ်။

မေး။ ။ နိုင်ငံတော်က MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိရာ Kyaw–3 ကော်ပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှုများကိုလည်း သိပါရစေ။

ဖြေ။ ။ နိုင်ငံတော်က MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိရာ Kyaw–3 ကော်ပစ္စည်း မျိုးစုံထုတ်လုပ်ရေးလုပ်ငန်းအနေနဲ့ နိုင်ငံတော်က ဆောင်ရွက်ပေးထားတဲ့ MSME ချေးငွေနဲ့ ကျွန်တော်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက်ထားပါတယ်၊ သက်ဆိုင်ရာဌာနကလည်း လိုအပ်တဲ့ အကူအညီတွေ ပေးပါတယ်။

မေး။ ။ စီးပွားရေးလုပ်ငန်းများ စတင်တည်ထောင်မည့် လူငယ်များကို ဘာများပြောချင်ပါသလဲ။

ဖြေ။ ။ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေအားလုံးကိုပေ့ါနော် ကျွန်တော်ကိုယ်တိုင်ကလည်း အလုပ်သမားဘဝကနေလာပါတယ်။ သူများနိုင်ငံမှာ အလုပ်ကြိုးစားပြီး ကိုယ့်နိုင်ငံမှာ အလုပ်ရှင်ဖြစ်ချင်တဲ့စိတ်နဲ့ ကြိုးစားသလို လူငယ်တွေကိုလည်း စိတ်ဓာတ်မကျဘဲနဲ့ ကိုယ့်နိုင်ငံမှာ ကိုယ်ကြိုးစားရင် လုပ်ငန်းရှင်ဖြစ်နိုင်တယ်၊ သူများနိုင်ငံမှာ အလုပ်လုပ်ရင် အလုပ်သမားပဲဖြစ်မယ်၊ တစ်ဖက်နိုင်ငံကို အထင်မကြီးဘဲ ကိုယ့်နိုင်ငံမှာကို ကြိုးစားရင် လုပ်ငန်းရှင် ဖြစ်နိုင်ပါတယ်လို့ ပြောကြားရင်း တိုက်တွန်းအပ်ပါတယ်။ ။

ထုတ်လုပ်ပြီးသော ရေတိုင်ကီများ။

စက်ယန္တရားဖြင့် ထုတ်လုပ်နေသော ရေတိုင်ကီများ။

အရပ်သားများ သေဆုံးဒဏ်ရာရမှုများအတွက် စိုးရိမ်မိကြောင်း ကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန် ပြောကြား

တဲလ်အဗီး နိုဝင်ဘာ ၄
ဂါဇာကမ်းမြောင်ဒေသ၌ အရပ်သားများ သေဆုံးဒဏ်ရာရမှုများအတွက် စိုးရိမ်မိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အစ္စရေးခေါင်းဆောင်များကို ပြောကြားလိုက်ပြီး ပါလက်စတိုင်းများကို ကာကွယ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဖြင့် တိုက်ခိုက်မှုများကို ခေတ္တရပ်ထားရန် ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုအား နိုဝင်ဘာ ၃ ရက်က တိုက်တွန်းပြောကြားလိုက်သည်။

ဘလင်ကန်သည် အောက်တိုဘာလအတွင်းက ဟားမားစ် စစ်သွေးကြွများ၏ တိုက်ခိုက်မှုများ စတင်အပြီး အစ္စရေးနိုင်ငံသို့ တတိယအကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်သည်။

ဘလင်ကန်က တိုက်ပွဲများခေတ္တရပ်ထားရန် ပြောကြားခဲ့သော်လည်း အစ္စရေးတပ်ဖွဲ့များက ဂါဇာကမ်းမြောင်ကို မြေပြင်၊ ပင်လယ်နှင့် ဝေဟင်တို့မှ ဆက်လက်တိုက်ခိုက်လျက်ရှိပြီး ဟားမားစ်တိုက်ခိုက်ရေးသမားများ အသုံးပြုသည့် ဥမင်လိုဏ်ခေါင်းများကိုလည်း ဖျက်ဆီးလျက်ရှိသည်။

ဝန်ကြီးချုပ် နေတန်ယာဟုကလည်း မိမိတို့အနေဖြင့် စွမ်းအားရှိသမျှ ဆက်လုပ်သွားမည်ဖြစ်ပြီး အစ္စရေးဓားစာခံများပြန်ပေးမည့် ယာယီအပစ်အခတ်ရပ်စဲရေးကိုလည်း ငြင်းဆိုထားကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်နှင့် အစ္စရေး ဝန်ကြီးချုပ် နေတန်ယာဟု။

ဘလင်ကန်သည် ပဋိပက္ခများ မပြန့်ပွားစေရေး ဆွေးနွေးရန် ဂျော်ဒန်နိုင်ငံသို့ ဆက်လက်သွားရောက်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

အနောက်ရူခွန်ခရိုင်ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။

နီပေါနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်မှုဖြစ်ပွား၊ ၁၄၃ ဦး ထက်မနည်း သေဆုံး

ခတ္တမန္ဒူ နိုဝင်ဘာ ၄
နီပေါနိုင်ငံအနောက်ပိုင်း၌ နိုဝင်ဘာ ၃ ရက်ညပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သေဆုံးသူ ၁၄၃ ဦးအထိ တိုးလာကြောင်း နီပေါရဲတပ်ဖွဲ့က နိုဝင်ဘာ ၄ ရက်တွင်ထုတ်ပြန်သည်။

အလားတူ ဒဏ်ရာရသူမှာလည်း ၁၆၆ ဦးအထိ ရှိလာကြောင်း နီပေါရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်သည် နိုဝင်ဘာ ၃ ရက် ညပိုင်း ဒေသစံတော်ချိန် ၂၃ နာရီ ၄၇ မိနစ်တွင် ဂျာဂျာကော့နှင့် အနောက်ရူခွန်ခရိုင်များတွင် အနက် ၁၀ မှ ၁၅ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ နီပေါရဲတပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်များက ဒဏ်ရာရသူများ ကယ်ဆယ်ရေးနှင့် ကုသရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နီပေါပြည်နယ်အစိုးရသည် ငလျင်ဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးအစီအစဉ်များကို ကြေညာခဲ့ပြီး နီပေါကွန်ဂရက်နှင့် ရက်စ်ထရိုရာ ဆွာတန်ထရာပါတီတို့က နီပေါရူပီးငွေ ငါးသန်း (အမေရိကန်ဒေါ်လာ ၃၇၈၀၀) နှင့် ဆရာဝန်အဖွဲ့နှစ်ဖွဲ့ကို စီစဉ်ပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက နီပေါတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးရမှုအတွက် အလွန်ဝမ်းနည်းကြောင်း နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

နီပေါနိုင်ငံ အလယ်ပိုင်းတွင် ၂၀၁၅ ခုနှစ်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး ယင်းနှင့်နောက်ဆက်တွဲ ငလျင်များကြောင့် လူ ၉၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

ဂါဇာတွင် လူနာတင်ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် ၁၅ ဦး သေဆုံး

ဂါဇာ နိုဝင်ဘာ ၄
အစ္စရေးတို့၏ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနာတင်ယာဉ်နှစ်စီး ထိမှန်ကာ ၁၅ ဦး ထက်မနည်းသေဆုံးပြီး ၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်ဟု ပါလက်စတိုင်း အာဏာပိုင်များက ပြောသည်။

ဂါဇာကမ်းမြောင်ဒေသအကြီးဆုံးဆေးရုံထံမှ တစ်ခုဖြစ်သည့် အယ် - ရှိဖာ ဆေးရုံအနီး လူနာတင်ယာဉ်နှစ်စီး ဒုံးကျည်ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု ပါလက်စတိုင်းလခြမ်းနီအဖွဲ့နှင့် အခြားသောသတင်းရင်းမြစ်များက စက်တင်ဘာ ၃ ရက်တွင် ပြောသည်။

စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီက လူတင်ယာဉ်ငါးစီးပါဝင်သည့်ယာဉ်တန်းသည် လူနာများကို တင်ဆောင်ရန် အီဂျစ်နယ်စပ် ရာဖာဖြတ်သန်းရေးဂိတ်သို့ ဦးတည်ကာ ဆေးရုံမှထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ သို့သော် လမ်းပေါ်တွင် အပျက်အစီးများကြောင့် ဆေးရုံမှ လေးကီလိုမီတာအရောက်တွင် ရှေ့ဆက်တိုးမရသည့်အတွက် ပြန်လှည့်လာခဲ့သည်။

အပြန်လမ်းတွင် ထိပ်ဆုံးမှ လူနာတင်ယာဉ်တိုက်ခိုက်ခံရခြင်းဖြစ်သည်။ ကျန်ကားလေးစီးမှာ ဆက်လက် ထွက်ခွာနိုင်ခဲ့သော်လည်း ဆေးရုံဂိတ်ဝတွင် နောက်တစ်စီး ထပ်မံတိုက်ခိုက်ခံခဲ့ရသည်။ အဆိုပါ လူနာတင်ယာဉ်မှာ ဟားမားစ်အုပ်စုအတွက် အသုံးပြုနေခြင်းဖြစ်ကြောင်း၊ စစ်သွေးကြွများနှင့် လက်နက်များကို လူနာတင်ယာဉ်ဖြင့် ရွှေ့ပြောင်းနေခြင်းဖြစ်ကြောင်း စုံစမ်းထောက်လှမ်းမိသည်ဟု အစ္စရေးတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

လူနာများကို သယ်ဆောင်သည့်ယာဉ်တန်း တိုက်ခိုက်ခံရမှုသတင်းကြောင့် အံ့ဩတုန်လှုပ်မိကြောင်း၊ လူနာများ၊ ဆေးဝန်ထမ်းများနှင့် အဆောက်အအုံများ၊ လူနာတင်ယာဉ်များကို အချိန်တိုင်း အကာအကွယ်ပေးရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ပြောသည်။

အောက်တိုဘာ ၇ ရက် ပဋိပက္ခများ စတင်သည့်အချိန်မှစကာ ဂါဇာဒေသတွင် လူပေါင်း ၉၂၅၇ ဦး သေဆုံးခဲ့ပြီး ၎င်းတို့ထဲမှ ၃၈၂၆ မှာ ကလေးများဖြစ်ကြသည်ဟု ဂါဇာဒေသ ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ အစ္စရေးတွင်လည်း လူပေါင်း ၁၄၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။

အင်န်အိတ်ချ်ကေ

စပိန်နိုင်ငံအရှေ့ပိုင်းတွင် တောမီးလောင်မှုကြောင့် လူပေါင်းရာနှင့်ချီ၍ ကယ်ထုတ်ခဲ့ရ

မက်ဒရစ် နိုဝင်ဘာ ၄
စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယန်အသိုက်အဝန်းရှိ မွန်တီချယ်ဗိုမြို့တွင် အောက်တိုဘာ ၃ ရက်က တောမီးဆက်လက်လောင်လျက်ရှိရာ အနီးအနားရှိမြို့နယ်သုံးခုမှ လူပေါင်း ၉၀၀ ကျော်ကို ကယ်ထုတ်ခဲ့ရသည်။

စက်တင်ဘာ ၃ ရက်အထိ တောမီးမှာ ထိန်းချုပ်၍ မရသေးဘဲ မြေဟက်တာပေါင်း ၂၀၀၀ ကို လောင်ကျွမ်းလျက်ရှိသည်။ တောမီးလောင်သည့် နေရာတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၀ ကီလိုမီတာရှိပြီး မီးငြိမ်းသတ်မှုလုပ်ငန်းများကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည်။

ထို့ပြင် ရေများသယ်ဆောင်လာသည့် ရဟတ်ယာဉ်များနှင့် လေယာဉ်များ အတွက်လည်း အဟန့်အတား ဖြစ်စေသည်။ တောမီး စတင်လောင်ရခြင်း အကြောင်းကိုမူ မသိရသေးချေ။

ဆင်ဟွာ

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျပြီး သုံးဦးသေဆုံး

ဆစ်ဒနီ နိုဝင်ဘာ ၄
ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ နိုဝင်ဘာ ၄ ရက်က အပျော်စီး လေယာဉ်တစ်စင်း ပျက်ကျမှုကြောင့်လူသုံးဦးသေဆုံးခဲ့သည်။ ကွင်းစလန်းပြည်နယ် ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပြည်နယ်အနောက်မြောက်ပိုင်းရှိ မက်ကင်လေမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာရှိ မိုင်းတွင်းတစ်ခုအနီး လေယာဉ်ပျက်ကျသွားကြောင်း ပြည်သူတစ်ဦးက အရေးပေါ် ဆက်သွယ်အကြောင်းကြားသဖြင့် ကယ်ဆယ်ရေးရဟတ်ယာဉ်ဖြင့် ရှာဖွေခဲ့ခြင်းဖြစ်သည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်တွင် အခင်းဖြစ်ရာသို့ ရဲအရာရှိများ ရောက်ရှိပြီးနောက် လေယာဉ်ပေါ်ပါ လူသုံးဦးကို သေဆုံးလျက် ရှာဖွေတွေ့ရှိခဲ့သည်။

ဆင်ဟွာ

ဂါဇာသို့ လူသားချင်းစာနာမှုအကူအညီ ကန်ဒေါ်လာ ၆၅ သန်းပေးရန် ဂျပန်ကတိပြု

ရာမဲလ်လာ နိုဝင်ဘာ ၄
ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကိုသည် အနောက်ဘက်ကမ်း ရာမဲလ်လာမြို့သို့ အလည်အပတ်ရောက်ရှိနေစဉ်အတွင်း ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ထပ်အကူအညီ အမေရိကန်ဒေါ်လာ ၆၅ သန်းခန့် ပေးအပ်ရန် ကတိပြုလိုက်ကြောင်း သိရသည်။

၎င်းသည် ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး ရီယာဒ် အယ်မာလီကီနှင့် သောကြာနေ့တွင် မိနစ် ၅၀ ကြာ တွေ့ဆုံခဲ့သည်။ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့တွင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက်တွင် ၎င်းနှင့် ပါလက်စတိုင်းနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံဆွေးနွေးမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသည် ဂါဇာကမ်းမြောင်ရှိ အရပ်သားများအတွက် အရေးပေါ်လူသားချင်း စာနာထောက်ထားမှုအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်း ပေးအပ်ရန်လည်း ကတိပြုထားပြီးဖြစ်သည်။ အခြေအနေကို အနီးကပ်စောင့်ကြည့်နေကြောင်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း အသက်ဆုံးရှုံးခဲ့ရသော မိသားစုဝင်များကို ဝမ်းနည်းကြောင်းလည်း ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် ဟားမားစ်နှင့် အခြားသော အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ရှုတ်ချကြောင်း၊ ဖမ်းဆီးခံဓားစာခံများကို ချက်ချင်းလွှတ်ပေးရန်နှင့် အခြေအနေတင်းမာမှုများကို လျှော့ချရေး အမြန်ဆုံး လုပ်ဆောင်ကြရန် တောင်းဆိုကြောင်း ကာမိကာဝါက ပြောသည်။

ထို့အပြင် ဂျပန်နိုင်ငံအနေဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှတစ်ဆင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ

ကိုရီးယား အနုပညာရှင်အဖွဲ့ ရန်ကုန်မြို့ရှိ အထင်ကရ နေရာများသို့ သွားရောက်လေ့လာလည်ပတ်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာ–ကိုရီးယား ယဉ်ကျေးမှု ဖလှယ်နိုင်ရန်နှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ယမန်နေ့ညက တင်ဆက်ခဲ့သည့် “မြန်မာ–ကိုရီးယား ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲ”(Myanmar – Korea Modern Musical Show) ၌ ဖျော်ဖြေခဲ့ကြသည့် ကိုရီးယားအနုပညာရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ လည်ပတ်ကြသည်။

ရေးဦးစွာ အင်းလျားကန် Boat Club သို့ ရောက်ရှိရာ မြန်မာနိုင်ငံလှေလှော် အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကိုရီးယားအနုပညာရှင်အဖွဲ့သည် အင်းလျားကန်အတွင်း၌ အသင်းသူ အသင်းသားများနှင့်အတူ ပျော်ရွှင်စွာ လှေလှော်ကြကာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုရီးယားအနုပညာရှင် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ဆီမီး၊ အမွှေးနံ့သာများကပ်လှူပူဇော် ကန်တော့ကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး ရာဟုထောင့် အောင်မြေအနီးရှိ ဗုဒ္ဓပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်မြတ်ကြီးအကြောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် စဉ့်ကူးမင်း ခေါင်းလောင်းတော်ကြီးတွင် ခေါင်းလောင်းထိုးကြပြီး အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကိုရီးယားအနုပညာရှင် အဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် Junction City Shopping Mall တို့တွင် လှည့်လည်ကြည့်ရှုကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ယင်းနောက် ကိုရီးယားအနုပညာရှင် အဖွဲ့သည် နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိကြရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး တေဇ အပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြစ်အလှကို ကြည့်ရှုခံစားမှုနှင့်အတူ မြန်မာ–ကိုရီးယားချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တည်ဆောက်နေသည့် ရန်ကုန်–ဒလ မြစ်ကူးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေအား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နန်းသီတာဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိကြကာ ရန်ကုန်မြို့၏ ညရှုခင်းကို လှည့်လည်ကြည့်ရှုကြပြီး Lottle Hotel တွင် ညအိပ်တည်းခိုကြသည်။

ထိုသို့လေ့လာလည်ပတ်စဉ် ကိုရီးယားအနုပညာရှင်အဖွဲ့အနေဖြင့် ရန်ကုန်မြို့၏ သန့်ရှင်းသာယာ စိမ်းလန်းစိုပြည်လှပမှု၊ အများပြည်သူတို့ လွတ်လပ်အေးချမ်းစွာ လှုပ်ရှားသွားလာလုပ်ကိုင်နေမှု၊ မြန်မာလူမျိုးတို့၏ ဖြူစင်ရိုးသားမှုနှင့် ဖော်ရွေညှော့ဝတ်ကျေပွန်စွာ ကြိုဆိုပျူငှာမှုတို့ကိုကို မျက်မြင်ကိုယ်တွေ့ သိရှိကြပြီး မြန်မာပြည်တွင် တရားဥပဒေစိုးမိုးမှု မရှိအောင် လိမ်လည်လုပ်ကြံ ထုတ်လွှင့်နေသည့် သတင်းမှားများ ပျံ့နှံ့နေမှုအပေါ် ၎င်းတို့အနေဖြင့်လည်း ပြန်လည်ရှင်းလင်းပြောကြားကြမည်ဖြစ်ပြီး မိတ်ဆွေများခေါ်ဆောင်လာကာ မြန်မာနိုင်ငံရှိ အခြားသာယာလှပသည့်နေရာများသို့ ထပ်မံလာရောက် လည်ပတ်မည်ဖြစ်ကြောင်း ပြောကြားကြသည်။

သတင်းစဉ်

ရွှေတိဂုံစေတီတော်တွင် ကိုရီးယားအနုပညာရှင်အဖွဲ့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ကိုရီးယားအနုပညာရှင်အဖွဲ့ အင်းလျားကန် Boat Club အတွင်း၌ အသင်းသူ အသင်းသားများနှင့်အတူ ပျော်ရွှင်စွာ လှေလှော်ကြစဉ်။

ကိုရီးယားအနုပညာရှင်အဖွဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ရန်ကင်း မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

ရန်ကင်း နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်တွင် (၃၅) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၁၄) ရပ်ကွက်ရှိ မိုးကောင်း ဆုတောင်းပြည့်စေတီတော်ကြီးဝင်းအတွင်း ပြုလုပ်သည်။ **(ယာပုံ)**

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ် ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းဝင်းအောင်နှင့် ဝန်ထမ်းများက စေတီတော်ကြီးဝင်း အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ဘုရားစောင်းတန်းများတွင် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရန် တံမြက်စည်းလှည်းခြင်း၊ စေတီများအားရေသပ္ပာယ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

ညောင်လေးပင်ခရိုင်၌ ဆောင်းရာသီ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးဆွေးနွေး

ညောင်လေးပင် နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တောင်သူများ၏ စိုက်ပျိုးရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်းရာသီ ဆီထွက် သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က ညောင်လေးပင်မြို့နယ် ကျဘမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဆောင်းရာသီ ဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့် ပဲတီစိမ်း၊ မတ်ပဲသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်ကောင်း မျိုးကောင်း မျိုးသန့်များကိုသာ သုံးစွဲရန်နှင့် စိုက်နည်းစနစ်မှန်ကန်စွာစိုက်ပျိုးရန် မှာကြားပြီး ခရိုင်အဆင့် စိုက်ကြပ်အဖွဲ့များက ဆောင်းသီးနှံများ စိုက်ပျိုးရေးနှင့် ပတ်သက်၍ နည်းပညာများကို အသေးစိတ် ဆွေးနွေးကာ တောင်သူများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

အဆိုပါ နည်းပညာပေးဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျဘမ်းကျေးရွာအုပ်စုကျေးရွာခွဲငါးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု လေးစုမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော တောင်သူများအား မြေပဲ (ဗီယက်နမ်) မျိုး၊ နေကြာ (ဆင်းရွှေကြာ–၂) နှင့် ပဲတီစိမ်း(သြဇီ)မျိုး၊ ရေဆင်း(၁၄)၊ ရေဆင်း(၁၆) မျိုးများ ဖြန့်ဖြူးပေးသည်။ **နေလင်း(ညောင်လေးပင်)**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် အမျိုးသားအဆင့် မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီး ဝန်ကြီးများ သည် နိုဝင်ဘာ ၂ ရက် မွန်းလွဲပိုင်းက မင်္ဂလာဒုံမြို့နယ်တွင် အမျိုးသားအဆင့်မြေပြင် တိရစ္ဆာန်ကောင်ရေ စာရင်း ကောက်ယူခြင်း လုပ်ငန်းကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေနံ့သာ ကျေးရွာအုပ်စု လေးထောင့်ကန် စံပြကျေးရွာရှိ ရွှေပါရမီဓမ္မဗိမာန်တော်တွင် အမျိုးသားအဆင့် မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေး အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှု စာရင်းဇယားများ အတည်ပြု ထုတ်ပြန်နိုင်ရေး၊ ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှု စံနှုန်းများအား သုံးသပ်ပြင်ဆင်နိုင်ရေး၊ ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ ပို့ကုန်မြှင့်တင်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး လုပ်ငန်းများတွင် စနစ်တကျစီမံခန့်ခွဲနိုင်ရေး တို့အတွက် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့်လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူများအနေဖြင့် မှန်ကန်သော တိရစ္ဆာန်ကောင်ရေစာရင်း ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကျေးရွာအတွင်း အမျိုးသားအဆင့် မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့ ကောက်ယူရာတွင် မင်္ဂလာဒုံမြို့နယ်အတွင်း အဖွဲ့ ကိုးဖွဲ့ဖြင့် ကောက်ယူလျက်ရှိရာ နိုဝင်ဘာ ၁ ရက်မှ ယနေ့အထိ အိမ်ထောင်စု ၅၀၀ ကျော်ကို ကောက်ယူပြီးစီးပြီဖြစ်ကြောင်းသိရသည်။ **ဆန်းကျော်ဦး(မြန်/ဆက်)**

▲ကျောဖုံးမှ

နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု (ရွှေ)ညီဇေယျနှင့် ရဲလင်းထက်၊ အမျိုးသမီး တစ်ဦးချင်းတွင် ပထမဆု(ရွှေ)လင်းလင်းထက်၊ ဒုတိယဆု(ငွေ)သဒ္ဒါထက်ကျော်၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု(ရွှေ) လင်းလင်းထက်နှင့် သဒ္ဒါထက်ကျော်၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု(ရွှေ)ညီဇေယျနှင့် လင်းလင်းထက်၊ ဒုတိယဆု(ငွေ) ရဲလင်းထက်နှင့် သဒ္ဒါထက်ကျော် တို့က ဆုတံဆိပ်များ အသီးသီး ဆွတ်ခူးရရှိခဲ့သည်။ ထို့ပြင် အသက် ၁၇နှစ် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု (ရွှေ) ဉာဏ်ရှိန်လင်း၊ ဒုတိယဆု (ငွေ) ဘုန်းထက်ကျော်၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆု (ရွှေ) ဉာဏ်ရှိန်လင်းနှင့် ဘုန်းထက်ကျော်၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆု (ရွှေ) အိမ့်ချစ်ဖူး၊ ဒုတိယဆု(ငွေ) ယွန်းလဲ့အိမ်၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆု (ကြေး) အိမ့်ချစ်ဖူးနှင့် ယွန်းလဲ့အိမ်၊ အမျိုးသား အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု(ရွှေ) ဘုန်းထက်ဇော်နှင့် အိမ့်ချစ်ဖူးတို့က ဆုတံဆိပ်များ အသီးသီးရရှိခဲ့ကြပြီး အသင်းလိုက်ပြိုင်ပွဲ အသက် ၁၅နှစ်တွင် ပထမဆု(ရွှေ)၊ အသင်းလိုက်ပြိုင်ပွဲ အသက် ၁၇ နှစ်တွင် ပထမဆု(ရွှေ) အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ မြန်မာကြက်တောင်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်အမှုဆောင် ဦးရဲမြင့်၊ အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများသည် ယနေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် အမှုဆောင်များ၊ အားကစားသမားများ၏ မိဘ၊ ဆွေမျိုးများ ကြိုဆို(ဝဲပုံ)ခဲ့ကြောင်း သိရသည်။

အာကာစိုး

●ကျောဖုံးမှ

အား/ကာ သိပ္ပံအသင်းမှာလည်း လန်းဆန်းအောင်၊ ကြည်စိုး၊ နိုင်နိုင်ကျော်၊ ခိုင်ရဲဝင်း၊ မျိုးဆွေအောင်တို့ဖြင့် လူစုံခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ယခုပွဲတွင် ဂိုးရနိုင်သည့် အခွင့်အရေး သုံးကြိမ်ထက်မနည်း ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးကို ၅၂ မိနစ်တွင် ငြိမ်းချမ်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ငြိမ်းချမ်းက ရရှိခဲ့သည်။

ပွဲစဉ် (၁၉) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀ ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၄ မှတ်၊ ဟံသာဝတီအသင်းက ၃၄ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ဒဂုံစတားနှင့် မြဝတီအသင်းက ၂၂ မှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်းက ၁၉ မှတ်စီ၊ GFA အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။ MNL ပြိုင်ပွဲကို နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်ကြောင့် ခေတ္တရပ်နားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MNL

❖ကျောဖုံးမှ

မှတ်တမ်းကို ချေဖျက်နိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဖူလ်ဟမ်အသင်း အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၂၄၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ မန်ယူအသင်းမှ တွန်မီနေး ပွဲချိန် ရှစ်မိနစ်တွင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်ပြန်လည်ကြည့်ရှုစစ်ဆေးပြီးပယ်ဖျက်ခဲ့သည့်အတွက် မန်ယူတို့ နစ်နာခဲ့ရသည်။

ဖူလ်ဟမ်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် မန်ယူအသင်း၏ ဂိုးရရှိရေးကြိုးပမ်းအားထုတ်မှု အခက်တွေ့ခဲ့ရသည်။ နောက်ပိုင်းပွဲချိန်များတွင် ဖူလ်ဟမ်အသင်းရော မန်ယူအသင်းပါ အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများပြုလုပ်ခဲ့သည်။ မန်ယူအသင်း အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ပြည့်ခါနီးတွင် ပယ်လစ္စထရီ၏ ဖန်တီးမှုမှ အသင်း ခေါင်းဆောင် ဖာနန်ဒက်စ်က သွင်းယူပေးနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲအနိုင်ရရှိမှုကြောင့် ပရီမီယာလိဂ် ၁၁ ပွဲ ကစားပြီးချိန်တွင် ခြောက်ပွဲနိုင်၊ ငါးပွဲရှုံး ရလဒ်ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များမှာ ဘရန့်ဖို့ဒ်က ဝက်စ်ဟမ်းကို သုံးဂိုး-နှစ်ဂိုး၊ ဘန်လေကို ပဲလေ့စ်က နှစ်ဂိုး-ဂိုးမရှိ၊ ရှက်ဖီးက ဝုလ်ဖ်ကို နှစ်ဂိုး-တစ်ဂိုး၊ မန်စီးတီးက ဘုန်းမောက်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အဲဗာတန်နှင့် ဘရိုက်တန်တို့ပွဲမှာ တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

အောင်ဇော်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၇၄	၂၀၄၇
95 Ron	၂၀၈၀	၂၁၅၅
HSD (500 ppm)	၂၁၂၈	၂၂၀၀
HSD (50 ppm)	၂၂၃၆	၂၃၁၀
HSD (10 ppm)	၂၂၄၂	၂၃၁၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ

(၄-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၃-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၁၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား လေ့လာခြင်း

ခန့်ဇော် (ကျေးလက်)

(ယမန်နေ့မှအဆက်)

မူဝါဒအကြံပြုချက်များ

လေ့လာမှုစစ်တမ်းအရ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် မရှိမဖြစ် အရေးပါလျက်ရှိသည်ကို တွေ့ရှိရပြီး အင်ဒိုနီးရှားနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင်လည်း အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုသည် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုကို သိသိသာသာလျော့ကျသွားစေကြောင်း တွေ့ရှိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို ကျေးလက်ဒေသများတွင် စဉ်ဆက်မပြတ် ဦးတည်ဆောင်ရွက်ခြင်း၊ ဗဟိုချုပ်ကိုင်မှုစနစ်ကိုဖြေလျှော့ပြီး ဒေသဆိုင်ရာအစိုးရများက ဦးဆောင်၍ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခြင်းတို့ကို မူဝါဒပိုင်းအရချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြထားရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အင်ဒိုနီးရှား၏အလုံးစုံဖွံ့ဖြိုးရေးမူဝါဒ(Inclusive Growth Policy) များသည် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရန်နှင့် စီးပွားရေးဖူလုံစေရန် လိုက်လျောညီထွေမှုရှိပြီး အလွန်အမင်းဆင်းရဲနွမ်းပါးမှု ပပျောက်လုနီးပါးဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးသော လူဦးရေ၏ထက်ဝက်ခန့်သည် ဆင်းရဲတွင်းသို့ ပြန်လည်ကျရောက်နိုင်ခြေရှိသည့်အတွက် တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်သော အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဖန်တီးပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ဝင်ငွေတိုးတက်မြင့်မားစေပြီး ကုန်ကျစရိတ်သက်သာစေမည့် နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ်များ သာတူညီမျှတိုးတက်စေရေးအတွက် ကန့်သတ်ချက်များကို ဖယ်ရှားပေးနိုင်မည့် ထိရောက်သောမူဝါဒများ ချမှတ်နိုင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် အလုံးစုံဖွံ့ဖြိုးရေးကို စဉ်းစားရာတွင် နိုင်ငံဆင်းရဲနွမ်းပါးမှုကို ဖြစ်စေသည့် အကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ်သော သဘာဝဘေးအန္တရာယ် မကြာခဏကျရောက်တတ်ခြင်းကိုလည်း အလေးထားစီမံခန့်ခွဲရန် လိုအပ်ပါသည်။ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း လေ့လာသိရှိရပါသည်။

❖ **ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် ကျေးလက်နေပြည်သူများ၏ လူမှုဘဝတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် မရှိမဖြစ် အရေးပါလျက်ရှိ**

❂ **သို့ရာတွင် ဆင်းရဲနွမ်းပါးသော လူဦးရေ၏ ထက်ဝက်ခန့်သည် ဆင်းရဲတွင်းသို့ ပြန်လည်ကျရောက်နိုင်ခြေရှိသည့်အတွက် တုံ့ပြန်နိုင်စွမ်းအား ကောင်းမွန်သောအစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဖန်တီးပေးရန် လိုအပ်**

လူမှုဖူလုံရေးစနစ်

၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကတည်းကပင် လူမှုဖူလုံရေးအစီအမံများကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပြီး ယင်းတွင် ပညာသင်ထောက်ပံ့ကြေးများ၊ အခမဲ့ကျန်းမာရေးအာမခံ၊ ပင်စင်လစာ၊ ဆန်ပေးဝေခြင်း စသည်တို့အပါအဝင် ဆင်းရဲမှုမှလွတ်မြောက်ရေးအတွက် အလုံးစုံအစီအမံများ ပါဝင်သည်ကို လေ့လာတွေ့ရှိရသည်။ သို့ရာတွင် နိုင်ငံတကာစံနှုန်းများအရ လူမှုဖူလုံရေးအတွက် ငွေကြေးထောက်ပံ့နိုင်မှုပမာဏ နည်းပါးနေသေးသည်ဟု ဆိုနိုင်ပါသည်။ လူမှုဖူလုံရေးအထောက်အပံ့များရရှိသည့် လုပ်သားအရင်းအမြစ်များ တိုးပွားလာစေရန်၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်များရရှိနိုင်စေရန်အတွက် လူမှုဖူလုံရေးအာမခံ တိုးမြှင့်ပေးရေး၊ အခွန်စည်းကြပ်မှုတိုးမြှင့်ပြီး တရားဝင်လုပ်ကိုင်သူများ ဖြစ်စေရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါသည်။

အနာဂတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးမျှော်မှန်းချက်

၂၀၂၀ ပြည့်နှစ်တွင် ကျေးလက်ဒေသစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မက်ခရိုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေးနှင့် လူတစ်ဦးချင်း၏ ဝင်ငွေနှင့် စိုက်ပျိုးရေး GDP ကို နှစ်ဆတိုးမြှင့်ခြင်းဖြင့် ဒေသတွင်းအဆင့် ဆင်းရဲနွမ်းပါးသည့် လူဦးရေကို လျှော့ချနိုင်ရန်၊ ကျေးရွာများတွင် တစ်ဦးချင်း ပျမ်းမျှတစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၀၀ ခန့်အထိ ရရှိစေရန်နှင့် ဆင်းရဲမှုမျဉ်းအောက်ရှိ ကျေးရွာလူဦးရေသည် ကျေးရွာရှိ လူဦးရေ၏ ၅ ရာခိုင်နှုန်းအောက် ဖြစ်လာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော နည်းပညာနှင့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ရရှိစေရန်၊ ရိတ်သိမ်းပြီးချိန် နည်းပညာများ တိုးမြှင့်ရရှိစေရန် စသည်တို့နှင့်စပ်လျဉ်း၍ မျှော်မှန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

အစိုးရနှင့် နိုင်ငံရေးပါတီအသီးသီးသည် ဆင်းရဲနွမ်းပါးသူများ သက်သာချောင်ချိရေးအတွက် အာရုံစိုက် ကြိုးပမ်းလျက်ရှိပြီး အရင်းအနှီးရရှိရေးနှင့် ထုတ်ကုန်အရည်အသွေးမြှင့်တင်ရန်၊ ဈေးကွက်ချဲ့ထွင်နိုင်မှုနှင့် စီးပွားရေးဝန်ဆောင်မှုစွမ်းရည်များမြှင့်တင်ရန်၊ စွန့်ဦးတီထွင်မှုနှင့် အစုအစပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့အပြင် မညီမျှမှုများကို လျှော့ချရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေထောက်ပံ့မှုများကို အစဉ်သဖြင့် ပြန်လည်သုံးသပ်ပြုပြင်ပြောင်းလဲခြင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံသူများနှင့် ပြည်တွင်းလုပ်ငန်းရှင်များကို ပံ့ပိုးပေးခြင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အွန်လိုင်း၊ လက်လီရောင်းချသူများထံနှင့် ချိတ်ဆက်ရောင်းချစေခြင်းဖြင့် သွင်းကုန်ဖိအား လျှော့ချပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အဓိကထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

သုံးသပ်ချက်

ကျေးလက်ဒေသ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဆင့်တိုင်းသည် အလွန်ထိရောက်မှုရှိပါသည်။ သို့ရာတွင် ကျေးလက်နေလူထုသည် သတင်းအချက်အလက်များ လက်လှမ်းမီရန်ခက်ခဲသည့်အတွက် ၎င်းတို့လက်လှမ်းမီမှုရှိစေမည့် နည်းလမ်းများ၊ လုံလောက်သော အခြေခံအဆောက်အအုံများရရှိစေရန် ထည့်သွင်းစဉ်းစားသင့်ပြီး ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသွင်ကူးပြောင်းရေးကိုလည်း ဆောင်ရွက်သင့်ပါသည်။ လက်ရှိတွင် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် သွင်းအားစုများ (အရင်းအနှီးများ၊ လယ်ယာသုံးစက်ကိရိယာ)များ ထောက်ပံ့မှု၊ BEKERJA အစီအစဉ်နှင့် အခြားအကူအညီများ ထောက်ပံ့ပေးထားသည်မှန်သော်လည်း ၎င်းအသွင်ကူးပြောင်းမှုတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်မှုလည်း လိုအပ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်အသီးသီးက ဆိုသည်။ မြေမျက်နှာသွင်ပြင်အနေအထား၊ ကျေးလက်လူမှုအသိုင်းအဝိုင်း၏ လူမှုရေးပြဿနာများ၊ လူ့စွမ်းအားအရင်းအမြစ် ပြဿနာများ၊ ဗဟိုနှင့် ဒေသဆိုင်ရာ စည်းမျဉ်းအာဏာပိုင်များကြား အချိုးမညီမျှမှု စသည်တို့ကြောင့် စိန်ခေါ်မှုများစွာကို တွေ့ကြုံခဲ့ရသည်။ မည်သို့ပင်ဆိုစေ ဗဟိုအစိုးရသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်မှု၊ စားနပ်ရိက္ခာနှင့် ငွေကြေးထောက်ပံ့မှုတို့အပါအဝင် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ပြီး အပြုသဘောဆောင်သော တုံ့ပြန်ချက်များစွာရရှိခဲ့သည့်အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရာတွင်လည်း သိသိသာသာ အောင်မြင်ခဲ့သည်ဟု ဆိုရပါမည်။

“ကျေးလက်ဒေသ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အဆင့်တိုင်းသည် အလွန်ထိရောက်မှုရှိပါသည်။ သို့ရာတွင် ကျေးလက်နေလူထုသည် သတင်းအချက်အလက်များ လက်လှမ်းမီရန်ခက်ခဲသည့်အတွက် ၎င်းတို့လက်လှမ်းမီမှုရှိစေမည့် နည်းလမ်းများ၊ လုံလောက်သော အခြေခံအဆောက်အအုံများရရှိစေရန် ထည့်သွင်းစဉ်းစားသင့်ပြီး ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသွင်ကူးပြောင်းရေးကိုလည်း ဆောင်ရွက်သင့်”

ရည်ညွှန်းကိုးကားချက်

- The Impact of Rural Infrastructure Development on Poverty Reduction in Indonesia, written by Nuzul Achjar, Maddaremmeng A. Panennungi
- https://www.adb.org/where-we-work/indonesia/poverty
- Analysis of Indonesia's Government Strategy for Rural Development through Agriculture (https://ap.fftc.org.tw/article/1612)
- Prioritising Village Fund Utilisation: Cash-for-Work to Prevent Covid-19
- https://www.statista.com/statistics/586119/indonesia-access-to-improved-sanitation- by-country/

ချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်ရရှိရေး တောင်သူပညာပေးကွင်းသရုပ်ပြ

ငါန်းဇွန် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်နှင့် တစ်ဧက ပန်းတိုင်အထွက်ရရှိစေရန်အတွက် လက်တွေ့ကွင်းသရုပ်ပြပွဲကို တောင်သူပညာပေးစံပြကွက်ဆောင်ရွက်ထားရှိသည့် အမှတ်(၄)ရပ်ကွက် ကွင်းအမှတ် (၉၁၃/၁၅၃၉)ရှိ တောင်သူတစ်ဦး၏ ချည်မျှင်ရှည်ဝါ (B-31) မျိုး စိုက်ခင်းနှစ်ဧက၌ နိုဝင်ဘာ ၃ ရက်က ပြုလုပ်သည်။

သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းလင်းက ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်နှင့် တစ်ဧကပန်းတိုင်အထွက်ရရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်များနှင့် သီးနှံပင်သက်တမ်းတစ်လျှောက် အပင်ပြုစုဆောင်ရွက်သည်မှ ကောက်သိမ်းသည်အထိ ပိုး/ရောဂါကျရောက်မှုမရှိစေရေး၊ သွင်းအားစုများ စနစ်တကျထည့်သွင်းခြင်းနှင့် ကောက်သိမ်းမှုတွင် လေလွင့်မှုမရှိစေရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်းတို့ကြောင့် အထွက်နှုန်းကောင်းမွန်ပြီး ဝင်ငွေတိုးတက်ရရှိလာစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ကွင်းသရုပ်ပြပွဲသို့ တက်ရောက်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် အဖွဲ့ဝင်များ၊ တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

သက်နောင်ဦး(ငါန်းဇွန်)

ရန်ကုန်မြို့မှ နေ့ချင်းပြန်သွားနိုင်တဲ့ အလိုင်နီဆည်ဘေးမှ သဘာဝအပန်းဖြေနေရာ Home at Alaingni

◇◇◇◇◇◇◇◇ ယဉ်လာဒ် ◇◇◇◇◇◇◇◇

ရွက်ဖျင်တဲတွေနဲ့ စခန်းချနားနေ လည်ပတ်နိုင်တဲ့ အပန်းဖြေစခန်းတွေကို ဝန်ဆောင်မှုပေးလာကြတဲ့ လုပ်ငန်းရှင်တွေ အခုအချိန်မှာ များစွာပေါ်ပေါက်လာခဲ့ပါတယ်။ ဒီအထဲကမှ ရန်ကုန်မြို့နဲ့အနီးဆုံးမှာတည်ရှိတဲ့ ပဲခူးတိုင်းဒေသကြီးအတွင်းက Home at Alaingni လို့ အမည်ပေးထားတဲ့ Camping နေရာလေးတစ်ခုနဲ့ ဒီတစ်ပတ်မှာ မိတ်ဆက်ပေးချင်ပါတယ်။ တစ်မူထူးခြားတဲ့ Emperor Bell Tents ပုံစံ ရွက်ဖျင်တဲတွေနဲ့ အလိုင်နီဆည်ဘေးနားမှာ ဖွင့်လှစ်ထားတဲ့ Camping Site နေရာလေးတစ်ခုဖြစ်ပါတယ်။

ရန်ကုန်ကနေ ကားနဲ့သွားရင် တစ်နာရီခွဲလောက်မောင်းရတဲ့နေရာလေးမှာ တည်ရှိတာမို့ ပိတ်ရက်မှာ အေးအေးလူလူ နားချင်ကြတဲ့ မိသားစုတွေ၊ သူငယ်ချင်းအဖွဲ့တွေအတွက် နေ့တစ်နေ့တာကို အေးချမ်းစွာကျော်ဖြတ်စေနိုင်မယ့် အပန်းဖြေနားနေရာ နေရာလေးတစ်ခု ဖြစ်ပါတယ်။

အလိုင်နီဆည်ကို သွားရောက်အပန်းဖြေလိုသူတွေအနေနဲ့ ရန်ကုန်-ပဲခူး လမ်းမကြီးအတိုင်း သွားရောက်နိုင်ပြီး ပဲခူးတိုးဂိတ်မရောက်ခင် တိုက်ကြီး-ဖောင်ကြီးလမ်းအတိုင်း ချိုးဝင်ပြီး မိနစ် ၂၀ လောက် ကားမောင်းရင် အလိုင်နီ ရွက်ဖျင်တဲစခန်းဆီကို ရောက်ရှိနိုင်ပါတယ်။

ဆည်ရေပြင်ကျယ်ဘေးက အပန်းဖြေနေရာ

ရေပြင်ကျယ်ကျယ်ဘေးမှာ အေးအေးချမ်းချမ်း နားနေနိုင်ပြီး စိတ်ဖိစီးမှုတွေကို လျော့ကျသွားစေနိုင်ပါတယ်။ ရေပြင်ကျယ်ကြီးထဲမှာ ကနူးလှေလှော်လို့ရအောင် ဝန်ဆောင်မှုပေးထားပါသေးတယ်။ ဒါတင်မကသေးပါဘူး။ စက်ဘီးစီးလို့ရသလို ဝါသနာပါရင် ငါးမျှားလို့လည်း ရပါသေးတယ်။ နေဝင်နေထွက်ကို ကြည့်နိုင်ပြီး အေးအေးဆေးဆေး အပန်းဖြေနိုင်တဲ့ နေရာတစ်ခုလို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် ရေကူးကန်လည်းပါတော့ သူငယ်ချင်း မိတ်ဆွေတွေ Chill လို့ အကောင်းဆုံးပါပဲ။

Home at Alaingni ရဲ့ပိုင်ရှင်ကတော့ သဘာဝတရားကို ချစ်မြတ်နိုးပြီး တိတ်တိတ်ဆိတ်ဆိတ် နားနေနိုင်တဲ့ နေရာလေးဖြစ်အောင် ရည်ရွယ်ပြီး ဖော်ဆောင်ခဲ့တာပါလို့ စာရေးသူကို ပြောပြပါတယ်။

"ရေတက်လို့ပိတ်ထားတာ နည်းနည်းကြာပါပြီ။ အောက်တိုဘာ ၂၉ ရက်ကစပြီး ပြန်ဖွင့်ထားပါတယ်။ လက်ရှိမှာတော့ ရွက်ဖျင်တဲ ငါးလုံးနဲ့ ဝန်ဆောင်မှုပေးနေပါတယ်"လို့ Home at Alaingni ပိုင်ရှင်က ပြောပြပါတယ်။

ညအိပ်တည်းခိုနိုင်

တစ်နေ့လုံး အေးအေးဆေးဆေး နေချင်သူတွေအတွက် နံနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ နားနားနေနေ နေနိုင်ပြီး တစ်ဦးကို နေ့လယ်စာအပါအဝင် ကျပ်လေးသောင်းကျသင့်မှာ ဖြစ်တယ်လို့ ဆိုပါတယ်။ ညအိပ်တည်းခိုရင် တဲတစ်ခုကို လူနှစ်ယောက် တည်းခိုနိုင်ပြီး တစ်ညကို ကျပ် ၁၄၀၀၀၀ သတ်မှတ်ထားပါတယ်။ ညအိပ်တဲ့ ဧည့်သည်တွေအတွက် နံနက်စာပါဝင်ပြီး ကနူးလှေလှော်တာတွေလည်း ပါဝင်ပါတယ်။

မြေအကျယ် ခြောက်ဧကပေါ်မှာ ရွက်ဖျင်တဲငါးလုံးကို ထည့်သွင်းတည်ဆောက်ထားပြီး ရွှံ့နဲ့ဆောက်ထားတဲ့ အိမ်တစ်လုံး၊ ဝါးနဲ့ဆောက်ထားတဲ့အိမ်တစ်လုံး၊ ခြေတံရှည်သစ်သားအိမ်တစ်လုံးကိုလည်း ထပ်မံဆောက်လုပ်ထားပါသေးတယ်။

အပျော်တမ်းစက်ဘီးစီးနိုင်

ဒါ့အပြင် အလိုင်နီအိမ်ငယ်လေးမှာ နေ့တစ်နေ့တာကို ကုန်ဆုံးပြီး အလိုင်နီဆည်ပတ်လမ်းမှာ အပျော်တမ်း စက်ဘီးဝါသနာရှင်တွေအနေနဲ့ စက်ဘီးစီးနိုင်ပါသေးတယ်။ ဆည်ပတ်ပတ်လည်မှာ စိမ်းစိုသာယာလွန်းတဲ့ ရော်ဘာတောကြီး ဝန်းရံထားတာမို့ နေဘယ်လောက်ပူပူ အရိပ်အာဝါသကောင်းတဲ့ သဘာဝလက်ဆောင် စက်ဘီးလမ်းကြောင်းကြီး ရှိနေပါတယ်။

ညဘက်မှာ သူငယ်ချင်းမိတ်ဆွေတွေ စုဖွဲ့ပြီး ပျော်ပါးစားသောက်ရင်း၊ ဆည်ရေပြင်ကိုကြည့်ငေးရင်း၊ ကန်ပေါင်မှာ လွတ်လွတ်လပ်လပ် တီးမှုတ်သီဆို ဟစ်ကြွေးရင်း ဘဝရဲ့ အမောတွေကို ဖြေဖျောက်နိုင်ပါတယ်။ ကြယ်တွေအပြည့်နဲ့ ကောင်းကင်ကို ရှုစားနိုင်သလို လသာတဲ့ညဆိုရင် ငွေရောင်တောက်နေတဲ့ ရေပြင်အလှနဲ့ လိုက်ဖက်တဲ့ သဘာဝတရားအလှကိုလည်း ခံစားနိုင်ပါသေးတယ်။

> **အလိုင်နီ ဆည်ပတ်လမ်းမှာ အပျော်တမ်း စက်ဘီးဝါသနာရှင်တွေအနေနဲ့ စက်ဘီးစီးနိုင်ပါသေးတယ်။ ဆည်ပတ်ပတ်လည်မှာ စိမ်းစိုသာယာလွန်းတဲ့ ရော်ဘာတောကြီး ဝန်းရံထားတာမို့ နေဘယ်လောက်ပူပူ အရိပ်အာဝါသကောင်းတဲ့ သဘာဝလက်ဆောင် စက်ဘီးလမ်းကြောင်းကြီး ရှိနေပါတယ်။ ညဘက်မှာ သူငယ်ချင်းမိတ်ဆွေတွေစုဖွဲ့ပြီး ပျော်ပါးစားသောက်ရင်း၊ ဆည်ရေပြင်ကို ကြည့်ငေးရင်း၊ ကန်ပေါင်မှာ လွတ်လွတ်လပ်လပ် တီးမှုတ်သီဆို ဟစ်ကြွေးရင်း ဘဝရဲ့ အမောတွေကို ဖြေဖျောက်နိုင်ပါတယ်**

လေကောင်းလေသန့်ကို တဝကြီး ရှူရှိုက်ရင်း ဆည်ပေါင်ပေါ်ပြေးရင်း၊ စက်ဘီးစီးရင်း နေထွက်တာကို စောင့်ကြည့်လို့လည်းရပါတယ်။ မိသားစုနဲ့ပဲလာလာ၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ပဲလာလာ စိတ်လက်အပန်းပြေပြီး ထပ်ကာထပ်ကာ သွားရောက်လည်ပတ်ချင်မယ့် နေရာလေးတစ်ခုဖြစ်အောင် ဖန်တီးပေးထားတာမို့ နေ့ချင်းပြန် အေးအေးလူလူနဲ့ အနားယူနိုင်တဲ့ အလိုင်နီဆည် ဘေးနားက Home at Alaingni သို့ သွားရောက်လည်ပတ်နိုင်ဖို့ ဒီတစ်ပတ်ရဲ့ လမ်းညွှန်အနေနဲ့ မျှဝေဖော်ပြလိုက်ပါတယ်။ ။

Home at Alaingni အပန်းဖြေစခန်း၌ ကနူးလှေလှော်နေသူတစ်ဦး (အပေါ်ပုံ)နှင့် အပန်းဖြေစခန်းအတွင်းရှိ Emperor Bell Tents ပုံစံရွက်ဖျင်တဲတစ်လုံး။

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း)သင်တန်းများသို့တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

ပုသိမ် နိုဝင်ဘာ ၄

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ် (၁၁)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း)တို့၏ ပထမနှစ် ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI သင်တန်းများသို့တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မောင်တို့ မယ်တို့သည် သင်တန်းတက်ရောက်သည့်အခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မိမိတို့၏ ညီအစ်ကိုမောင်နှမများနှင့် တွေ့ဆုံရမည်ဖြစ်ပါကြောင်း၊ ကျောင်းတော်ကြီးသို့ ရောက်ရှိသည့်အခါ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မိမိတို့၏ ညီအစ်ကိုမောင်နှမများအား မိမိတို့ တိုင်းဒေသကြီး၏ ဒေသဆိုင်ရာအချက်အလက်များကို သိရှိမှုဝေနိုင်ရန် လေ့လာဆောင်ရွက်သွားကြရန် လိုပါကြောင်းနှင့် တိုင်းဒေသကြီး၏ ဂုဏ်ဆောင်နိုင်ကြပါစေကြောင်း စသည်ဖြင့် သြဝါဒအမှာစကားများ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သင်တန်းသားရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသား ရွေးချယ်မှုလုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)** ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ် သင်တန်း အမှတ်စဉ် (၁၁)တွင် သင်တန်းသားရှစ်ဦးနှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊စစ်ကိုင်း) တို့၏ ပထမနှစ် ဝိဇ္ဇာ၊ သိပ္ပံ၊ AGTI သင်တန်းတွင် သင်တန်းသားလေးဦး စုစုပေါင်း ၁၂ ဦး တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ အမှတ်(၃)အခြေခံပညာအထက်ကျောင်းသို့ သွားရောက်၍ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အခြေခံပညာအလယ်တန်းအဆင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နေသည့် ဆရာဆရာမများ၊ တက္ကသိုလ်ဝင် စာမေးပွဲပြင်ပဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ အားပေးစကားများ ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အလက(၃) သို့သွားရောက်၍ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများမှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများသူများနှင့်အတူ ပုသိမ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမတွင်ပြုလုပ်သည့် အခြေခံပညာ အထက်တန်းဆင့်သင်ဆရာ ဆရာမများ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး၌ စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေး

ထားဝယ် နိုဝင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ဦးဆောင်၍ စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေး အခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက သဘာဝဘေးအန္တရာယ် ကျရောက်လာသည့်အခါ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆုံးရှုံးနိုင်ခြေများသောကြောင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို ကစားနည်းပုံစံ ပြုလုပ်ပြီး ၎င်းတို့၏မိသားစု၊ သူငယ်ချင်းများနှင့်အတူ လေ့လာဆော့ကစားနိုင်အောင် စီစဉ်ထားသည့် ကစားနည်းတစ်ခုဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြုပြီး လက်တွေ့ မီးငြိမ်းသတ်တတ်စေရန်နှင့် မီးနှင့် ပတ်သက်သော ဗဟုသုတများ ရရှိစေရန်၊ ထိခိုက်ဒဏ်ရာရရှိသောလူနာကို ရရာပစ္စည်းဖြင့် ရှေးဦးသူနာပြုစုနိုင်ရန်၊ အရေးပေါ်အခြေအနေတွင် သယ်ယူရမည့် ပစ္စည်း ၁၇ မျိုး၏ တစ်မျိုးချင်းစီ အသုံးဝင်ပုံကို လေ့လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် မဖြစ်ခင်၊ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးနောက်အခြေအနေများတွင် မည်သို့ပြုမူဆောင်ရွက်ရမည်ဆိုသော နည်းလမ်းများနှင့် ပုံမှန်အခြေအနေကို လုံခြုံလျင်မြန်စွာရရှိနိုင်မည့်နည်းလမ်းများကို သိရှိစေရန် အသိပညာပေးအစီအစဉ် ကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် မီးသတ်ဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် အသိပညာပေးအစီအစဉ်တွင် စိတ်ပါဝင်စားစွာ လေ့လာပါဝင်ကစားပြီး ပြန်လည်မျှဝေပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်းက အသိပညာပေးအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ပညာရေးမှူး ဦးဝင်းနောင်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကျောင်းသား

ကျောင်းသူများ စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေး အစီအစဉ် (Kaeru Caravan) အသိပညာပေး ကစားနည်း ၁၀ မျိုး ယှဉ်ပြိုင်ကစားနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်၊ ကော့သောင်း၊ ဘုတ်ပြင်းခရိုင်များတွင်လည်း မီးသတ်ဦးစီးဌာနက ဦးဆောင်၍ အလားတူ စာသင်ကျောင်းအခြေပြု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် လျှော့ချရေး အသိပညာပေး အခမ်းအနားများ ကျင်းပလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

(၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

လွိုင်ကော် နိုဝင်ဘာ ၄

ကယားပြည်နယ် လွိုင်ကော်မြို့တွင် (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်ခြင်းကို ယနေ့နံနက်

ပိုင်းက ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် တပ်မတော်ဆေးရုံတို့၌ ပြုလုပ်သည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးတွင် ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအား လွိုင်ကော် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေး ဝန်ထမ်းများက ဆေးစစ်ခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးလက်ခံရယူခြင်းနှင့် စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ဝန်ထမ်းများထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ဌက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။**(ဝဲပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်ဆေးရုံသို့ သွားရောက်၍ လွိုင်ကော်ခရိုင်နှင့် ဒီးမော့ဆိုခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့်ဝန်ထမ်းများထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ဌက်ပျောသီး စသည့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါစုပေါင်းသွေးလှူဒါန်းရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အသီးသီးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိများနှင့် အခြားအဆင့်ဝန်ထမ်း စုစုပေါင်း ၆၅ဦးတို့က သက်ဆိုင်ရာဆေးရုံများတွင် စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။ **ကိုဇင်(လွိုင်ကော်)**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၁-၂၀၂၃ တနင်္ဂနွေနေ့

MRTV

- ၀၆:၀၀ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ...
- ၀၇:၀၀ နံနက်ပိုင်းသတင်း
- ၀၈:၃၀ ကလေးသီချင်း
- ၁၀:၁၅ "Myanmar-Korea Modern Musical Show" တေးဂီတဖျော်ဖြေပွဲ
- ၁၂:၃၀ This Week's Special Interest
- ၁၃:၀၀ MRTV National News
- ၁၆:၁၅ Sports Diary
- ၁၆:၄၅ Economic Review
- ၁၈:၀၀ မြို့တွင်းသတင်း
- ၂၀:၀၀ မြို့တွင်းသတင်း၊ နိုင်ငံခြားသတင်း

mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Bottle Gourd Painting
- 07:14 Myanmar Betels
- 07:30 Myanmar Traditional Instruments (MYANMA OBOE)
- 08:01 News
- 08:27 Products of Myanmar - Pottery Business
- 08:43 Kayah
- 08:50 World Tsunami Awareness Day
- 09:01 The Crocodiles of Meinmahla Island
- 09:28 Today Myanmar
- 09:28 Myanmar Puppeteers (Zawgyi Dance)
- 09:28 Weaving Craft for a living
- 10:01 News

MRTV NEWS

- ၁၃:၀၀ MRTV National News

MRTV SPORTS

- ၀၆:၁၅ Weekly Sports Info
- ၁၆:၃၀ MNL 2022 Match (Replay)

MRTV Entertainment

- ၂၀:၀၀ Barbie (နိုင်ငံခြားဇာတ်ကား)
- ၂၂:၀၀ Puss in Boots: The Last Wish (2022) (နိုင်ငံခြားဇာတ်ကား)
- ၂၃:၄၅ My 3 Most Profitable Microgreens

MRTV Application

Education Channel

ကန့်ဘလူမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကန့်ဘလူ နိုဝင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် မျိုးဆက်သစ်အားကစား သမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အခြေခံပညာ ကျောင်း ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၃ ရက်က မြို့မအားကစား ကွင်း(ဘောလုံးကွင်း)၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးရွှေအောင်က အမှာစကားပြောကြားသည်။

ယင်းနောက် ဘောလုံးပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ကို အုပ်စုနှစ်စုခွဲ၍ အုပ်စု(A)မှ အထက-၁ နှင့် အထက-၂ အသင်းတို့ ယှဉ်ပြိုင်ကြရာ အထက-၁ အသင်းက အထက-၂ အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဘောလုံး (ကျား)၊ ဘော်လီဘော(ကျား/မ)၊ ပိုက်ကျော်ခြင်း(ကျား)၊ ပြေးခုန်ပစ်(ကျား/မ) နှင့် စားပွဲတင် တင်းနစ်(ကျား/မ)ပြိုင်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ သက်ဆိုင်ရာနေရာအသီးသီးတွင် ကျင်းပသွားမည်ဖြစ် ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်စိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်မြဲထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ဖြူးမြို့ ဘိုးဘွားရိပ်သာတွင် ဆေးပဒေသာပင်လှူဒါန်း၍ သန့်ရှင်းရေးဆောင်ရွက်

ဖြူး နိုဝင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် (၃၅)နှစ်မြောက်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူးဘိုးဘွားရိပ်သာအတွက် ဆေးပဒေသာပင်လှူဒါန်း၍ သန့်ရှင်းရေး ပြုလုပ်ပေးခြင်းများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက ဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူနှင့်ဝန်ထမ်းများက ဖြူးဘိုးဘွားရိပ်သာအတွက် ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဘိုးဘွား စောင့်ရှောက်ရေးအသင်း ကြီးကြပ် ရေးကော်မတီဥက္ကဋ္ဌ ဦးပုက လက်ခံရယူပြီး (အပေါ်ပုံ) ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာရှိ အဘိုးခုနစ်ဦး၊ အဘွား ၃၃ ဦးအား လက်သည်းခြေသည်း ညှပ်ပေးခြင်း၊ ဘိုးဘွားရိပ်သာအတွင်းနှင့် မြို့ဦးစေတီတော်မြတ်အတွင်းတွင် ချုံနွယ်အမှိုက်များ သန့်ရှင်းရေး ဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၄ - မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၄၀ ကျပ်	၂၂၈၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၅၀ ကျပ်	၂၄၀၀ ကျပ်
အောက်တိန်း ၉၂	၂၀၈၀ ကျပ်	၂၁၂၅ ကျပ်
အောက်တိန်း ၉၅	၂၁၉၀ ကျပ်	၂၂၄၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၈၀၀	၈၇၀၀	၉၀၄	၇၈၇၇၆၀၀
MTSH	၃၀၀၀	၂၉၅၀	၄၅၀၂	၁၃၀၈၁၅၅၀
MCB	၇၈၀၀	၇၈၀၀	၅၀	၃၉၀၀၀၀
FPB	၁၇၀၀	၁၆၅၀	၁၂၀	၂၀၃၀၀၀
TMH	၂၄၀၀	၂၄၀၀	၁	၂၄၀၀
EFR	၂၇၅၀	၂၇၅၀	၂၀၆	၄၃၂၆၀၀
AHPC	၀	၀	၀	၀
MAEPC	၁၇၅၀	၁၇၅၀	၅၅၂	၉၆၆၀၀၀

ညီညီ - စုစည်းသည်

၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း နိုဝင်ဘာ ၆ ရက် စတင်လေ့ကျင့်မည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာ့လက်ရွေးစင် အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲအတွက် နိုဝင်ဘာ ၆ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့ လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၃၀ ခန့်ဖြင့် ဖွဲ့စည်းမည်ဖြစ်ပြီး ပြည်တွင်းလိဂ်တွင် ကစားနေသူ ၂၂ ဦးကို ပဏာမလူစာရင်းတွင် ရွေးချယ်ထားသည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၆၊ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုနှစ်ပွဲအတွက် တစ်ပတ်ကျော်အချိန်ယူ လေ့ကျင့် ပြင်ဆင်ခြင်းဖြစ်ပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာ နောက်ကျမှ ပူးပေါင်းနိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် အာရှထိပ်သီး အသင်းများဖြစ်သည့် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယား တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၂၁ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့်ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာလတွင် နှစ်ပွဲ၊ မတ်လတွင် နှစ်ပွဲ၊ ဇွန်လတွင်နှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ပထမအဆင့် ခြေစစ်ပွဲတွင် မကာအိုအသင်းကို နှစ်ကျော့ပေါင်း ရလဒ် ငါးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့် တက်ရောက်လာခြင်းဖြစ်သည်။ မြန်မာအသင်းသည် မကာအိုအသင်းကို ပထမအကျော့ အိမ်ကွင်းပွဲတွင် ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ဒုတိယအကျော့ အဝေးကွင်းပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။

ဒုတိယအဆင့် ခြေစစ်ပွဲကို လေးသင်း၊ ကိုးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ – သော်လေး

ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းအား ဂုဏ်ပြုကြိုဆို

မန္တလေး နိုဝင်ဘာ ၄

ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကချင်ပြည်နယ် အသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့သော အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး အမျိုးသမီး လက်ရွေးစင်အသင်းအား ဂုဏ်ပြုကြိုဆိုပွဲကို နိုဝင်ဘာ ၃ ရက်က မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးအောင်မင်း တက်ရောက်ဂုဏ်ပြုကြိုဆိုသည်။

အဆိုပါ အောင်ပွဲရမန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းသည် နေပြည်တော်မှ မော်တော်ယာဉ်ဖြင့် မန္တလေးမြို့ ဗထူးအားကစားခန်းမသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မိသားစုဝင်များက အောင်ပွဲရ အားကစားသမားများအား ပန်းစည်းများပေးအပ်၍ လှိုက်လှိုက်လှဲလှဲဂုဏ်ပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးထံ ပထမတံခွန်စိုက်ဆုဖလားကြီးကို ပြန်လည်အပ်နှံပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားကာ အသင်းအုပ်ချုပ်သူလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးက အောင်ပွဲရအသင်းအား ဂုဏ်ပြုငွေကျပ် ၁၀ သိန်း ချီးမြှင့်ပေးအပ်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

တင်မောင် – မန္တလေး

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Daw Khin Khin Wai” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရပ်ကွက်နေ ခင်ခင်ဝေ(ခ)ကောက်ကောက်အား ည ၁၁ နာရီ ၄၅ မိနစ်တွင် စက်မှုဇုန်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ဖော်ထုတ်အရေးယူ

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၂ ဒသမ ၃၉၇ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၈၀၂၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း (Clutch Facing) ၄၅၀၃ ဒသမ ၂ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၁၃၄၄၀)ကို လည်းကောင်း၊ မရမ်းချောင်းအမြဲတမ်း စစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် MARSTAR လျှပ်စစ်ပစ္စည်း (Switch and Socket) ၅၅၀၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၁၃၄၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့ တပ်ဦးသီတာရပ်ကွက်၌ လိုင်စင်မဲ့ Toyota Raum မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် ဘုရားကြီးမြို့ ကသစ်ဝိုင်ဓမ္မရိပ်သာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် 100 Pipers ဝီစကီပုလင်း စက္ကူဘူးခွံ ၁၆၁၀ ကီလိုဂရမ်၊ Balloon ချိုချဉ်ဖာ ၆၆၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၉၈၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsu-bishi Fuso Truck နှစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၅၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၂၈၁၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၂၇၂၅၈၁၄)ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၃၉၅၇၂၇၈)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုကာကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဇေယျာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

၄-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

စဉ်	နေ၀ကမှ အမည်	အလှူငွေ (ကျပ်)
၇၁၇၃။	ဦးကန်ဝင်းနှင့်ဇနီး ဒေါ်သင်းသင်းလှိုင် မိသားစုကောင်းမှု	၁၀၀၀၀၀၀
၇၁၇၄။	ဦးလှိုင်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သန်း မိသားစုကောင်းမှု	၈၀၀၀၀၀
၇၁၇၅။	ဦးမောင်မောင်နိုင်နှင့်ဇနီး ဒေါ်သန္တာအေး မိသားစုကောင်းမှု	၅၀၀၀၀၀
၇၁၇၆။	ဦးအေးမင်းစိုးနှင့်ဇနီး ဒေါ်ခင်အေးမြ (သမီး)မသွန်းဝတီစံ (သား)မောင်အောင်မြို မိသားစုကောင်းမှု	၅၀၀၀၀၀
၇၁၇၇။	ဦးအောင်ဇော်မိုးနှင့်ဇနီး ဒေါ်အေးအေးခိုင် (သား)စိုးထက်အောင်မိသားစုကောင်းမှု	၅၀၀၀၀၀
၇၁၇၈။	ကွယ်လွန်သူမိဘနှစ်ပါးနှင့်ဇနီး သားတို့အား ရည်စူး၍ ဦးစိန်ဝင်းမိသားစုကောင်းမှု	၅၀၀၀၀၀
၇၁၇၉။	(ဦးမောင်ညို)နှင့်ဇနီး ဒေါ်သန်းသန်းမိသားစုကောင်းမှု	၃၀၀၀၀၀
၇၁၈၀။	ဒေါ်ငွေငွေဝင်းမိသားစုကောင်းမှု	၃၀၀၀၀၀
၇၁၈၁။	ဦးတင်သိန်းနှင့်ဇနီး ဒေါ်ငွေမြင့်မိသားစုကောင်းမှု	၂၅၀၀၀၀
၇၁၈၂။	ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးတင်လှ နှင့်ဇနီး ဒေါ်ဆန်းဆန်းဝေမိသားစုကောင်းမှု	၂၀၀၀၀၀
၇၁၈၃။	ဦးအောင်ကျော်နှင့်ဇနီး ဒေါ်သန်းသန်းဆွေအား ရည်စူး၍ ကျန်ရစ်သူသား သမီး မြေးတစ်စုကောင်းမှု	၂၀၀၀၀၀
၇၁၈၄။	ကွယ်လွန်သူ ဦးကောင်းမိုင်၊ ဗိုလ်အောင်မျိုးထွန်းတို့ အား ရည်စူး၍ ဒေါ်ကြင်ကြင်အေးမိသားစုကောင်းမှု	၂၀၀၀၀၀
၇၁၈၅။	ကိုမြသွင်နှင့်ဇနီး မသန္တာအောင်မိသားစုကောင်းမှု	၂၀၀၀၀၀
၇၁၈၆။	ဦးရဲဝင်းထွန်းနှင့်ဇနီး ဒေါ်နွေးအိမြ (သမီး) မနွန်းဆုအိန္ဒြာမိသားစုကောင်းမှု	၂၀၀၀၀၀
၇၁၈၇။	ကွယ်လွန်သူ ဖေခင်ကြီးဦးသွန်းလှနှင့် မိခင်ကြီး ဒေါ်သန်းသန်းအေး (မောင်) မောင်ကျော်ကျော်နိုင် တို့အားရည်စူး၍ ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်မိုမိုနိုင်၊ (သမီး) မခင်ခင်အေးမိသားစုကောင်းမှု	၂၀၀၀၀၀
၇၁၈၈။	ဦးငွေသောင်းအားရည်စူး၍ ဒေါ်ကြည် မိသားစုကောင်းမှု	၁၆၀၀၀၀
၇၁၈၉။	ကွယ်လွန်သူ ဗုတ်ယတိုင်မှူးကြီးလှမြွေ(ငြိမ်း)အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု	၅၀၀၀၀၀
၇၁၉၀။	ဦးသိန်းဌေးနှင့်ဇနီး ဒေါ်နွယ်နီစိုးမိသားစုကောင်းမှု	၁၅၀၀၀၀
၇၁၉၁။	ကွယ်လွန်သူ ဦးစောအောင်အားရည်စူး၍ကျန်ရစ်သူ ဒေါ်နုကြည်မိသားစုကောင်းမှု	၁၅၀၀၀၀
၇၁၉၂။	ဦးမင်းဇော်ဦးနှင့်ဇနီး ဒေါ်မြင့်မြင့်အေး (သမီး)မသိမ့်သိမ့်သူ (သား)မောင်ခန့်ညားသူမိသားစုကောင်းမှု	၁၅၀၀၀၀
၇၁၉၃။	ဦးထွေးညွှန့်နှင့်ဇနီး ဒေါ်အုန်းမြင့်အားအမှူးထား၍ ဒေါ်ကြည်ကြည်ဆွေ (သား) မောင်ဘီဟဆွေ မိသားစုကောင်းမှု	၁၅၀၀၀၀
၇၁၉၄။	ဦးထိန်လင်းနှင့်ဇနီး ဒေါ်မမြင့်ရီ သား သမီး မြေးတစ်စုကောင်းမှု	၁၃၀၀၀၀
၇၁၉၅။	ဖေခင်ကြီး ဦးလှဆွေအားရည်စူး၍ ဒေါ်အေးကြည်နှင့် သား သမီး မြေးတစ်စုကောင်းမှု	၁၀၀၀၀၀
၇၁၉၆။	ဒေါ်မြမြလှိုင် (သား)မောင်ဟိန်းထက်စိုး (သမီး)မအိမ့်ကြည်မြမိသားစုကောင်းမှု	၁၀၀၀၀၀
၇၁၉၇။	ဦးချစ်ဌေးနှင့်ဇနီး ဒေါ်ခင်အေးမြင့်မိသားစုကောင်းမှု	၁၀၀၀၀၀
၇၁၉၈။	နှစ်ဖက်သောဘိုးဘွားများနှင့် မိဘများအားရည်စူး၍ ဦးတင်အောင်လင်းနှင့်ဇနီး ဒေါ်စုနန္ဒာလင်း (သား)ကိုကျော်ကျော်ထွန်း (သမီးကြီး)မမြမြကို (သမီးငယ်)မမြတ်နိုးလမင်းမိသားစုကောင်းမှု	၁၀၀၀၀၀
၇၁၉၉။	ဦးဝင်းတင်အားရည်စူး၍ ဒေါ်တင်မေ မိသားစုကောင်းမှု	၁၀၀၀၀၀
၇၂၀၀။	ဒေါ်ကံကာမင်းကြိုင်ဆန်းနှင့်ဇနီး ဒေါ်နီနီ မိသားစုကောင်းမှု	၁၀၀၀၀၀
၇၂၀၁။	အဘွား ဒေါ်နီ၊ အမေ ဒေါ်ဆွေကြည်၊ အဖေ ဦးဘိုသန့်နှင့် အမေ ဒေါ်ပန်းတို့အားရည်စူး၍ ဦးဇော်ဦးနှင့်ဇနီး ဒေါ်နီနီဆွေမိသားစုကောင်းမှု	၁၀၀၀၀၀
၇၂၀၂။	ကွယ်လွန်သူ ဖေဖေ ဦးဘိုကြည်နှင့် မိခင်ဒေါ်မြင့်မြင့်၊ မောင်လေးထွန်းဝင်းလှိုင်အားရည်စူး၍ ဒေါ်ကံကာတင်ဝင်းမာမိသားစုကောင်းမှု	၁၀၀၀၀၀
၇၂၀၃။	ဦးတင်မောင်ထွေးနှင့်ဇနီး ဒေါ်နိုင်အဝင်း၊ မဆုလာဘ်ပြည့်မောင်၊ မောင်ဘုန်းမြတ်ပြည့်သို့ မောင်ထွဋ်မြတ်ပြည့်သို့မိသားစုကောင်းမှု	၁၀၀၀၀၀
၇၂၀၄။	ဦးလင်းနိုင်နှင့်ဇနီး ဒေါ်လင်းစိန်မိသားစုကောင်းမှု	၉၀၀၀၀
၇၂၀၅။	ဦးကံမြိုင်၊ ဦးလှိုင်မြိုင်မိသားစုကောင်းမှု	၅၀၀၀၀
၇၂၀၆။	ဒေါ်ထွေးခင်မိသားစုကောင်းမှု	၅၀၀၀၀
၇၂၀၇။	ဦးမောင်မောင်လွန်းနှင့်ဇနီး ဒေါ်အေးအေးခိုင် မိသားစုကောင်းမှု	၅၀၀၀၀
၇၂၀၈။	ဦးအောင်ကျော်မြင့်နှင့်ဇနီး ဒေါ်မြကြွယ် မိသားစုကောင်းမှု	၅၀၀၀၀
၇၂၀၉။	ဦးမောင်မောင်နှင့်ဇနီး ဒေါ်ခင်ကို မိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၀။	ကွယ်လွန်သူ ဦးတင်ဝင်းအောင်အားရည်စူး၍ ကျန်ရစ်သူ ဒေါ်ခင်သိန်းဆွေမိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၁။	ဒေါ်တင်လှ၊ (သမီး)မခင်စန်းဝင်း၊ မခင်မာဆွေ မိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၂။	ဒေါ်ခင်မကြည် (သား)ဦးတင်လွင်နှင့်ဇနီး ဒေါ်မြသွယ်အောင်မိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၃။	ဦးမောင်ငြိမ်းနှင့်ဇနီး ဒေါ်စန်းစန်းတင် မိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၄။	ဦးစော်မင်းနှင့်ဇနီး ဒေါ်စိန်ကြည်မိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၅။	ဦးကျော်လှနှင့်ဇနီး ဒေါ်ဆန်းရီမိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၆။	ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်သွန်းဝေမိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၇။	ဦးတင်ဝင်းထွန်းနှင့်ဇနီး ဒေါ်ရွှေဝင်းအိမိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၈။	ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးမျိုးချစ်နှင့်ဇနီး ဒေါ်တင်ထွန်းမိသားစုကောင်းမှု	၅၀၀၀၀
၇၂၁၉။	ဦးဟုတ်စိန်နှင့်ဇနီး ဒေါ်ခင်တင့်မိသားစုကောင်းမှု	၅၀၀၀၀
၇၂၂၀။	မိဘများရည်စူး၍ ဒေါ်လှလှ၊ ဒေါ်မြမြ မိသားစုကောင်းမှု	၅၀၀၀၀
၇၂၂၁။	ဒေါ်သင်းသင်းနိုင်မိသားစုကောင်းမှု	၅၀၀၀၀

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့လှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၀၀၀၀၀၀၀၀၀၁၄၄၅၈၁၇ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၀၀၀၀၀၀၀၀၀၁၇၆ ၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀ ၂၀၁၇၀၀ ၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိုးဆော်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဦးအောင်ဇည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့မှ) ၀၉-၆၆၄၀၀၀၀၄၊ ၀၉-၄၄၄၆၆၆၀၁၈

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၂၂၁၅၄၈၊ ၀၉-၂၅၅၈၂၅၂၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

ကျန်းမာရေးဝန်ကြီးဌာန

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
၂၀၁၉-၂၀၂၀ ၊ ၂၀၂၁-၂၀၂၂၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များအတွက် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကြေညာခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀၊ ၂၀၂၁-၂၀၂၂ နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်များ၌ မဟာဝိဇ္ဇာဘွဲ့သင်တန်းအောင်မြင်ခဲ့သူများ၊ စတုတ္ထနှစ်သင်တန်းအောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်း အောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်အသုံးချရေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်းအောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်စာကြည့်တိုက်စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်းအောင်မြင်ခဲ့သူများ၊ အချိန်ပိုင်းအနုပညာ ဒီပလိုမာ အောင်မြင်ခဲ့သူများနှင့် အနုပညာကွန်ပျူတာဒီပလိုမာ အောင်မြင်ခဲ့သူများအား ဘွဲ့များ အပ်နှင်းချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည့်နေ့	-	၆-၁၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)
အစမ်းလေ့ကျင့်မည့်နေ့	-	၅-၁၂-၂၀၂၃ (အင်္ဂါနေ့)
ကျင်းပမည့်အချိန်	-	နံနက်(၀၉ : ၀၀)နာရီ
ကျင်းပမည့်နေရာ	-	ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ဝင်ကြေး	-	၁၅၀၀၀/(ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ဝင်ကြေး	-	၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာတင်ရမည့်ရက်	-	၆-၁၁-၂၀၂၃ (တနင်္လာနေ့)
လျှောက်လွှာပိတ်မည့်ရက်	-	၁၇-၁၁-၂၀၂၃ (သောကြာနေ့)

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ အမျိုးသားများသည် လည်ကတုံးရှပ်နှင့်တိုက်ပုံ (သို့မဟုတ်) အနောက် တိုင်းဝတ်စုံပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီနားရွက်ဖော်ဖြင့် ရိုက်ကူးထားသော (၂ x ၁ $\frac{၁}{၂}$) လက်မအရွယ် ရောင်စုံဓာတ်ပုံ သုံးပုံ ပူးတွဲပေးပို့ရမည်။

၄။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ထုတ်ယူနိုင်ပြီး အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် ၀၉ ၄၂၁၀၁၂၈၀၈ နှင့် ၀၉ ၇၈၈၁၈၉၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

(စိုးစိုးနိုင်)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်း ရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/81695, Honda -110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၅/အရတ(နိုင်)၁၂၇၈၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(မုံရွာ)

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂/နန္ဒဝန်)၊ ဦးပိုင်အမှတ်(၂လမ်း-၂)၊ ဧရိယာ (၀.၁၁၀) ဧကရှိမြေအား မြို့မြေအမှုတွဲ အမှတ်၊ ၁၁၁ V ၁၉၉၂-၁၉၉၃ အရ(၂-၇-၁၉၉၃) မှ(၁-၇-၂၀၂၃)ထိ ဗိုလ်ကြီး မောင်မောင်အုန်း အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ် ရရှိထားသောမြေအား ဒေါ်ဝေအောင်ဖြိုးမှ မြေငှားစာချုပ် (အမည်ပြောင်း သက်တမ်းတိုး) လျှောက်ထားရာကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်းသက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်မျိုးကို ၇/ကပက(နိုင်)၀၉၅၂၀၃ ၏ နိုင်ငံကူးလက်မှတ် MG-919721 ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉ ၇၇၇ ၁၁၀ ၄၄၄

ပတ်စ်ပို့ပျောက်

ကျွန်မ မအင်ကြင်းမွေး ၇/ကတခ(နိုင်)၂၀၄၄၂၇ ၏ နိုင်ငံကူးလက်မှတ် MF-447078 ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉ ၆၈၃ ၂၃၄ ၂၆၀

မွေးသက္ကရာဇ်အမှန်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ မန္တလေးလမ်းနေ ဦးမြင့်တိုး ၁၄/အဂပ(နိုင်)၁၄၁၂၉၂ ၏ မွေး သက္ကရာဇ်အမှန်မှာ အခြေခံပညာ အထက်တန်းစာမေးပွဲ အောင်လက်မှတ်အရ ၂၄-၈-၁၉၇၃ ဖြစ်ပါ ကြောင်း။

မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့၊ ရွာမရပ်ကွက်နေ ဦးစံသာအောင်၏ သမီး သိန်းသိန်းဝင်း ၁၁/ကတန(နိုင်) ၀၀၀၁၁၇၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်အောင် လက်မှတ်အရ ၃၁-၇-၁၉၇၅ ဖြစ်ပါ ကြောင်း။

ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင် ကျေးရွာအုပ်စု၊ ကသာကျေးရွာနေ (ဘ)ဦးမောင်ငွေး၏သား၊ ကျွန်တော် မောင်စည်သူအောင် (၈/တတက (နိုင်)၂၅၇၉၀၀) ယခင်နိုင်ငံကူးလက် မှတ် အမှတ် (MD-948097)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၄၅၄၉၀၃၃

ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဘိုကုန်းကျေးရွာ အုပ်စု၊ သရက်စုကျေးရွာနေ (ဘ) ဦးမိုး၏ သမီးကျွန်မ မစိမ့်စိမ့်မိုး ဦး(၈/တတက(နိုင်) ၂၅၄၈၉၅)၏ ယခင်နိုင်ငံကူးလက် မှတ်အမှတ် (MC-654727)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၇၇၃၈၉၆၄၂

တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ကရပ်ပြင်တောင် ရပ်၊ ပုထိုးကျောင်းလမ်းနေ ဦးချမ်း မြေ့နှင့် ဦးချမ်းမြေ့ဇော် ၆/သရခ(နိုင်) ၀၃၆၂၈၀ တို့သည် တစ်ဦးတည်းဖြစ်ပြီး ဖခင် ဦးသန်းဇော်နှင့် ဦးသန်းကျော် ၆/သရခ(နိုင်)၀၀၁၉၅၁ တို့သည်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ဝါးတောမရပ်ကွက်နေ ဦးသန်းအေး ၏သား မောင်ရဲသူဝင်း ၅/အရတ (နိုင်) ၁၃၄၅၉၉၏ နိုင်ငံကူးလက် မှတ်နံပါတ် MD-611688 ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၈၈၀၄၄၆

ပတ်စ်ပို့ပျောက်

မကွေးမြို့၊ တောင်တွင်းလမ်း၊ ကန်သာရပ်၊ ဘီ(၁၄၂)နေ (ဘ) ဦးကြည်ဝင်း၏သား ကျွန်တော် ဦးသန်းဇော်ဝင်း(၈/မကန(နိုင်)၁၂၃၂၅၃) ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MA-172209)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၂၈၈၇၇၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၆၃/ခ)၊ မဟော်သဓာ(၃)လမ်း၊ ဒေါ်အုံး(CG-081716) အမည်ပေါက် မြေချပါမစ်မူရင်း ဧရိယာအကျယ် အဝန်း(၂၀ ပေ x ၆၀ ပေ) အိမ်နှင့်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇင်မေဝင်း(၁၂/သဃက(နိုင်)၁၅၈၀၂၆) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းမင်းထွဋ် (၁၂/ဒဂမ(နိုင်)၀၂၉၁၄၆) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းမင်းထွဋ်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုရည်လှိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)
အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၈) ရပ်ကွက်၊ ရတနာလမ်းသွယ်(၁)လမ်း၊ အမှတ်(၁၇/က)နေ ဒေါ်ခင်သူဇာဝင်း(၁၂/သဃက (နိုင်)၁၉၃၅၂၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သူဇာဝင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီနှင့် ပတ်ဝန်းကျင်၌ ကျွန်ုပ်မိတ်ဆွေ၏ အရှက်နှင့် ဂုဏ်သိက္ခာအား ထိခိုက်စေရန်ရည်ရွယ်၍ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ လှောင်ပြောင်ကဲ့ရဲ့ခြင်း၊ စောင်းမြောင်းပြောဆိုခြင်း၊ မဟုတ်မမှန်သတင်း လွှင့်ခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာအားထိခိုက်စေရန် ပြုမူပြောဆိုခြင်း၊ တစ်နည်းနည်းဖြင့် စိတ်အနှောင့်အယှက်ဖြစ်စေမည့်ကိစ္စများပြုလုပ်သူ မည်သူ့ကိုမဆို တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်သူဇာဝင်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)
အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/36532, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူ ၅/မရန(နိုင်) ၁၃၆၇၃၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပသည်။

ကညန (မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/35293 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းစံဝင်း ၉/ရမသ(နိုင်)၂၂၈၀၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊
ခရိုင်ရုံး(ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/67595, ZOMY Shen-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူ ၅/မရန(နိုင်) ၁၃၆၇၃၁ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန (မုံရွာ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၈၄၃၆၁, Honda Shoppy 110, M/C ယာဉ် လက်ဝယ်ရှိသူ ဦးစိုးထက်နိုင် ၅/မရန(နိုင်)၁၅၅၈၄၉ က ယာဉ် မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက် ထားလာသဖြင့် ကန့်ကွက်လို ပါကခိုင်လုံသော အထောက်အထား များဖြင့် ကြေညာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန (မုံရွာ)

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ် (၁၆-ခ/၂)၊ ဦးပိုင်အမှတ် (၁၉/၂)၊ မြေဧရိယာ(၀.၁၃၃)ဧကရှိမြေကွက်သည် မူလက ဦးအင်ခွမ်ပေါလုလဂျာအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၅၇၇(၃) ၂၀၀၀-၂၀၀၁ အရ (၂၃-၄-၂၀၁၅)ရက်ထိ(၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးအင်ခွမ်ပေါလုလဂျာနှင့်ဇနီးဒေါ်ခေါန်ရင် (၂)ဦးတို့ သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏တစ်ဦးတည်းသောသမီး ဒေါ်ဂျာလုံ ၁/မကန(နိုင်)၁၂၅၅၉၃ (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ရွှယ်ဂျား) က (၂၁-၈-၂၀၂၃)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၅၆/၂၀၂၃) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး (၁၅-၉-၂၀၂၃)ရက်စွဲပါစာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၄၂၄/၂၀၂၃)အရ ဒေါ်ဂျာဆန် ၁/မညန(နိုင်) ၀၇၇၈၈၉ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဂျာဆန် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8A/7409, Toyota Hiace YH 71V, AMBULANCE (4x2)(R) ယာဉ်လက်ဝယ်ရှိသူ မြန်မာနိုင်ငံကြက်ခြေနီအသင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၉)၊ စိန်စီဂုဏ်ရောင်လမ်း၊ မြေကွက်အမှတ်-၄၈(က)၊ အကျယ်အဝန်းပေ (၂၀ x ၆၀)၊ ဒေါ်ပူရနော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ခေါင်းစဉ်ပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ယင်းအိမ်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သဇ္ဇာဖြိုး (၅/အရတ(နိုင်)၁၁၃၅၈၃) မှ တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန် ကမ်းလှမ်းပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နော်ဝင်းသန္တာဖေါ (ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၂၄)
အင်းစိန်စုပေါင်းရုံးဝင်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၂၃၉၇၁၆၉

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းအား အမည်ပေါက်ထံမှ ဝယ်ယူထားသူမှ ၎င်းအမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက် (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်ခန်းလိပ်စာ
၁။	ဒေါ်အိမျိုးသွယ် ၁၂/လသန(နိုင်)၀၁၉၂၅၈(မှ)	ဦးဘိန်ဟင်း(ခ)ဦးခွေးလေး ၁၂/လသန(နိုင်)၀၀၃၁၀၆	တိုက်(A)၊ အခန်း(၀၅-၀၆)၊ (၀၈-၀၈)၊ (၀၈-၀၆)၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆စီ-၂၊ မြေကွက်အမှတ်-Southern 1/4 of II 22၊ မြေအမျိုးအစားမြေပိုင်မြေ၊ ဧရိယာ(၂၅ပေX၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပန်းဘဲတန်းမြို့နယ်၊ ၄-ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်)၊ တိုက်အမှတ်-၂၃၉/၂၄၁ဟု ခေါ်တွင်သည့်(၈ ၁/၂)ထပ်တိုက်အဆောက်အအုံမှ (၉လွှာ/အပေါ်ဆုံး ထပ်)(Penthouse)တိုက်ခန်းနှင့် မြေညီထပ်ရှိ လှေကားခွင်အခန်းတို့အား ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းမင်း (၁၂/ပဘတ(နိုင်) ၀၃၂၁၇၉)က မူလအမည်ပေါက် ဒေါ်စန်းမြင့်(၁၂/လသန(နိုင်)၀၁၀၀၂၄) နှင့် ဦးသူရိန်အောင် (၁၂/လသန(နိုင်)၀၂၂၁၆၄)တို့၏အမည်များမှ ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းမင်းအမည်သို့ အမည်ပေါက်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အမည်ပေါက်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်လှဲ့လှဲ့ဝင်း (LL.B, D.B.L, D.I.L, D,M,L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)

အမှတ်-၁၀၈/၁၁၀၊ ၃၈-လမ်း (အောက်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၉-၇၉၉၅၉၅၅၀၅၊ ၀၉-၄၀၁၅၄၆၂၄၀

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၉) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်+ပထမထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း (၁၅ပေX၆၀ပေ)စီရှိ တိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်း(၂)ခန်းကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအိုက်တ (၁၃/လလန(နိုင်)၀၄၅၃၇၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတင်စိုး (၁၂/ခရန(နိုင်)၀၆၅၂၅၅)က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းများ နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်း(၂)ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)အထက်တန်းရှေ့နေများ

အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ရွှေရင်အေးဘုရားလမ်း၊ အမှတ် - ၁၀၈၉/ခဟု ခေါ်တွင်သော အကျယ်အဝန်းဧရိယာ(၁၀'X၆၀')ပေရှိ ဦးထွန်းသန်းအမည်ပေါက် တရားဝင်မခွဲမစိတ်ရသေးသည့် မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဒေါ်ခင်စန်းထံမှ ဝယ်ယူပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ကြည်ကြည်အောင် (၇/ညလပ(နိုင်) ၀၉၇၈၇၆)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းအောင်(၁၁/ရဗန(နိုင်)၀၈၃၂၂၀)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်ဝက်ပေးချေထားပါသည်။ သို့ပါ၍ ယင်းမြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤသတင်းစာကြေညာချက်ပါသည့် ရက်မှစ၍ (၁)လအတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမောင်မောင်စိုး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၇၄)

